# မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၈၂)

၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်
၂၀၂၄ ခုနှစ်၊ ဇူလိုင် ၉ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟု သိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသော ဂုဏ်ကျေးဇူးအနှစ်ကိုရကြကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြှင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြှင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်သို့တက်ရောက်မိန့်ခွန်းပြောကြား

## ကမ္ဘာနှင့်အဝန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်ရာတွင် အစိမ်းရောင်ဖွံ့ဖြိုးမှုစံချိန်စံညွှန်းများသည် လွန်စွာအရေးပါ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်တွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဇူလိုင်လ ၈ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်တုန်းပြည်နယ် ချင်းတောင်မြို့ရှိ Qingdao International Conference Center ၌ ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးမှု ဖိုရမ်သို့ တက်ရောက်မိန့်ခွန်း ပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည်

စာမျက်နှာ ၁၆ ကော်လံ ၁ ❖




**အယ်ဒီတာ့အာဘော်** (၂၀၂၄ ခုနှစ်၊ ဇူလိုင် ၉ ရက်)

# ကျန်းမာရေးအသိ ကျန်းမာရေးသတိ

လူတိုင်းသည်ပတ်ဝန်းကျင်အသိုက်အဝန်းနှင့်နေထိုင်ကြရသူများဖြစ်ပေရာ မိမိတို့ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် မိမိတို့တစ်ဦးချင်းစီမှာတာဝန်ရှိသည်။ မိုးရာသီကာလရောက်ရှိတိုင်း ဒေသအချို့၌ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားလေ့ရှိသည်။ အဆိုပါဖြစ်ပွားလေ့ရှိသည့်ပတ်ဝန်းကျင်လူနေမှုကို ဆန်းစစ်ကြည့်သည့်အခါ သန့်ရှင်းစင်ကြယ်မှုနည်းပါးခြင်းကြောင့်ဖြစ်ကြောင်းတွေ့ရှိနေရသည်။ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သဲကွင်းကျူးကျော်ရပ်ကွက်တွင် ဝမ်းပျက်ဝမ်းလျှောခြင်းကို သက်ဆိုင်ရာတာဝန်ရှိသူများက ဇူလိုင်လ ၃ ရက်က သွားရောက်စစ်ဆေးသည့်အခါ ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာဖြစ်ပွားသူ ၁၂ ဦးရှိကြောင်း တွေ့ရှိခဲ့သည်။

အဆိုပါနေရာတွင် အိမ်ခြေ ၁၆၆ လုံး၊ လူဦးရေ ၆၄၆ ဦးနေထိုင်ကြောင်း စစ်ဆေးတွေ့ရှိရပြီး အများသုံးအိမ်သာမှာ ၁၂ ခန်းသာရှိကြောင်းတွေ့ရှိရသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုရှိနေသည်ကိုသိသာနိုင်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားစေသည့်အကြောင်းရင်းလည်းဖြစ်သည်။ ရောဂါဖြစ်ပွားသူ ၁၂ ဦးကိုစစ်ဆေးသည့်အခါ တစ်ဦးမှာကာလဝမ်းရောဂါပိုးတွေ့ရှိခဲ့သည်။ ရောဂါဖြစ်ပွားမှုကိုစောစီးစွာသိရှိပြီး စောစောစီးစီးကုသပေးနိုင်ရေး အချိန်နှင့်တစ်ပြေးညီဆောင်ရွက်လျက်ရှိသည်။ လမ်းဘေးစားသောက်ဆိုင်များကိုယာယီပိတ်သိမ်းခြင်း၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှုလုပ်ငန်းများအားဖြည့်ဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ယာယီဆေးခန်းဖွင့်လှစ်ပြီး လူနာသစ်များလာရောက်ပြသမှုအခြေအနေများကို လက်ခံကုသပေးလျက်ရှိသည်။ တိုင်းဒေသကြီးက တာဝန်ရှိအဖွဲ့အစည်းများ၊ ဒေသခံကျန်းမာရေးဝန်ထမ်းများနှင့် လူမှုအဖွဲ့အစည်းများ၊ Volunteer များက ရပ်ကွက်အတွင်းသန့်ရှင်းသည့်ရေရရှိရေး၊ ကလိုရင်းဆေးခတ်ပေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေသန့်ဖြန့်ဝေခြင်းများကိုဆောင်ရွက်ပေးလျက်ရှိသည်။ လူနာနေအိမ်များသို့သွားရောက်ပြီး ရောဂါဗေဒဆိုင်ရာများကိုစုံစမ်းထောက်လှမ်းခြင်း၊ လူနာနှင့် အနီးကပ်ထိတွေ့သူများကို ကျန်းမာရေးပညာပေးခြင်း၊ ပဋိဇီဝဆေးများတိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ဗက်တီးရီးယားပိုး၊ ဗိုင်းရပ်နှင့် ကပ်ပါးပိုးများ အစာအိမ်နှင့်အူလမ်းကြောင်းအတွင်းသို့ဝင်ရောက်ခြင်းကြောင့် ဖြစ်ပွားခြင်းဖြစ်သည်။ ဝမ်းရောဂါဖြစ်ပွားစေသော ရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့်အစားအစာများ စားသောက်မိရာမှတစ်ဆင့် ကူးစက်ဖြစ်ပွားစေပါသည်။ ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။ ရောဂါပိုးပါဝင်သည့် ဝမ်းအညစ်အကြေးများတွင် ရှိနေသောရောဂါပိုးများသည် ယင်ကောင်မှတစ်ဆင့်လည်းကောင်း၊ မသန့်ရှင်းသောလက်စသည်တို့မှတစ်ဆင့်လည်းကောင်း အစားအစာသောက်သုံးရေများအတွင်းသို့ရောက်ရှိခြင်း သို့မဟုတ် တိုက်ရိုက်ဝင်ရောက်ခြင်း၊ (ဥပမာ-မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေးမြေသြဇာအသုံးပြုခြင်း) တို့မှတစ်ဆင့် စားသောက်မိသူများအားကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေသည်။

ကာကွယ်ခြင်းသည်ကုသခြင်းထက်ကောင်းသည်ဆိုသည့်အတိုင်း ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ရေးအတွက်ကြိုတင်ကာကွယ်ကြရမည်ဖြစ်သည်။ အစာမစားမီနှင့်အစားအစာမပြင်ဆင်မီအချိန်၊ အညစ်အကြေးနှင့်အမှိုက်များကိုင်တွယ်ပြီးချိန်နှင့် အိမ်သာမှဆင်းချိန်တိုင်းတွင် လက်ကိုဆပ်ပြာဖြင့်စင်ကြယ်စွာ စနစ်တကျဆေးကြောပါ။ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။ ယင်လုံအိမ်သာရာနှုန်းပြည့်သုံးစွဲပါ။ရေကိုကြိုချက်၍သောက်ပါ။ အစားအစာများကိုကျက်အောင်ချက်ပြီးမှစားပါ။အစားအစာများကို ယင်မနားအောင်လုံခြုံစွာဖုံးအုပ်ထားပါ။ ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။

မိသားစုအတွင်းမိသားစုဝင်တစ်ဦးသည် အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံသောဆန်ဆေးရည်ကဲ့သို့ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အရေပြား၏ ကျုံ့ဆန့်နိုင်အားလျော့နည်းလာခြင်း၊ မျက်ကွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါက အနီးစပ်ဆုံးဆေးကုခန်း၊ ဆေးရုံသို့အမြန်ဆုံးသွားရောက်သတင်းပို့ကုသရမည်ဖြစ်သည်။ ရောဂါအခြေအနေဆိုးလာမှ နောက်ကျမှသွားခြင်းမျိုးမဖြစ်အောင်ဂရုပြုရမည်။ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားသည်ဟုသံသယရှိလျှင်ပင် ကျန်းမာရေးဌာနသို့သတင်းပို့ကုသမှုခံယူရမည်ဖြစ်သည်။

ရောဂါများမဖြစ်ပွားစေရေးအတွက် လူတိုင်းသည်လက်သန့်၊ ရေသန့်၊ အစာသန့်၊ အိမ်သာသန့်ဟူသော သန့်လေးသန့်ကိုလိုက်နာကျင့်သုံးကြရမည်ဖြစ်သည်။ လူတိုင်းကျန်းမာရေးအသိပညာမြင့်မားနေမှသာ ကျန်းမာသည့်ဘဝကိုပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာများပြန့်ပွားနိုင်ရန်အတွက် သက်ဆိုင်ရာတို့က နည်းလမ်းအသွယ်သွယ်ဖြင့် ဖြန့်ဝေပညာပေးမှုများပြုလုပ်နေကာမူ အများစုမှာသတိမမူ၊ ဂရုမပြု၊ အလေးအနက်မထားဘဲနေလေ့ရှိသည်။ ထို့ကြောင့် အချို့သောလူမှုပတ်ဝန်းကျင်တွင် ရောဂါများဖြစ်ပွားကူးစက်ခံရခြင်းဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ပြည်သူတစ်ရပ်လုံး ကျန်းမာရေးအသိ ကျန်းမာရေးသတိ ရှိကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။


လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## ကမ္ဘာ့လူဦးရေနေ့

"ထိခိုက်လွယ်သူ ဖေးမကူ၊ အရေးပေါ်က စောင့်ရှောက်ကြ"

"Helping vulnerable populations in emergencies"

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်


ရမည်းသင်း၊ လှူမှုရေး

## ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲကျင်းပ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဦးစီးဌာနမှူးရုံးမှကြီးမှူး၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲကို ဇူလိုင်လ ၈ ရက် နံနက်ပိုင်းတွင် ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်းရတနာခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းက လူဦးရေစာရင်းတိကျမှန်ကန်ရေး ပြည်သူအားလုံးပါဝင်ကြစေလိုကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရသည့် ရည်ရွယ်ချက်များဖြစ်သည့် အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်း၊ ရေပေးဝေမှုစနစ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဝေမှု၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ် သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းထိုက်က သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၊ စာရင်းစစ်၊ စာရင်းကောက်လုပ်ငန်းများနှင့် စာရင်းကောက်ရည်ညွှန်းချိန်၊ စာရင်းကောက်မေးခွန်းပုံစံ၊ သန်းခေါင်စာရင်းကောက်ယူရခြင်းသည် ပြည်သူများ၏အလုပ်အကိုင်များနှင့် အသက်အပိုင်းအခြားတိကျစေရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အဦများ စသည်တို့ကို ကောက်ကွက်အလိုက် စနစ်တကျကောက်ယူဆောင်ရွက်နိုင်ရေး လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သန်းခေါင်စာရင်းကောက်ယူမှုနှင့်ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားရှင်းလင်းကာ သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြကြောင်း သိရသည်။

**ရမည်းသင်းခရိုင်(ပြန်/ဆက်)**

## Myawady Digital Set Top Box **ထုတ်နတ်ရှုမြင်အစီအစဉ်**

၉-၇-၂၀၂၄(အင်္ဂါနေ့)

**မြဝတီရုပ်မြင်သံကြား**

| | | |
|---|---|---|
| ၁။ | ၆း၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၇း၂၀ | မွေ့ပူဇာတေး |
| ၃။ | ၇း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၄။ | ၈း၂၅ | ဆောင်းပါးပေါ်က စာစုများ |
| ၅။ | ၉း၄၅ | **Sharing Knowledge** |
| ၆။ | ၁၂း၂၅ | ကျန်းမာသုတ |
| ၇။ | ၁၆း၂၅ | **Sport Review** |
| ၈။ | ၁၈း၁၅ | Movies and Movies |
| ၉။ | ၁၉း၀၀ | **(၃၈)ဖြာမင်္ဂလာ** |
| ၁၀။ | **ညစနာရီ သတင်းအပြီး** | နိုင်ငံတကာသတင်း |
| ၁၁။ | | မိုးလေဝသသတင်း |
| ၁၂။ | | မြန်မာ့ရှုခင်း/မှတ်တမ်း |
| ၁၃။ | | နှစ်(၇၀)ကျော်ကြားတေးများ |

**MWD Variety Channel**

| | | |
|---|---|---|
| ၁။ | ၉း၄၁ | စကားလက်ဆုံ |
| ၂။ | ၁၁း၃၂ | ဖတ်ပါ မှတ်ပါ လေ့လာပါ |
| ၃။ | ၁၂း၂၃ | ကြယ်ကလေးများရဲ့ ဗဟုသုတမိုးကောင်းကင် |
| ၄။ | ၁၆း၁၇ | ဥပဒေမှတ်စု |
| ၅။ | ၁၇း၂၆ | ကျန်းမာသောဘဝ |
| ၆။ | ၂၁း၃၃ | Sport Icon |


မြဝတီ နေ့စဉ် The Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်

**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်

**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်

**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်

**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်

**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**

စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊

ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊

ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**

စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊

ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**

တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊

၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**

တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊

လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄

**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်

E-mail: mwddailynewspapergroup @ gmail.com

Website - www.myawady.net.mm

# မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဝံသပါလအသင်းက ကြီးမှူးကျင်းပသည့် (ဆဋ္ဌမအကြိမ်)အဘိဝိနယာစရိယ စာတော်ပြန်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်ကြည့်ရှု

**နေပြည်တော် ဇူလိုင် ၈**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်တောရကျောင်း(မြို့တော်ဝန်ကျောင်း)၌ ဆဋ္ဌမအကြိမ် အဘိဝိနယာစရိယ စာတော်ပြန်ပွဲကို ဇူလိုင်လ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပလျက်ရှိရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်းအတွင်းဝန်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ယနေ့သွားရောက်ကြည့်ရှုသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်အောင်မြင်ကျောင်း ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တခေမာနန္ဒနှင့် ဆရာတော်များအား ဖူးမြော်ကြည်ညို၍ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်အောင်မြင်ကျောင်းရှိ သီလဝိသောဓနီ ဝိသုံဂါမ သိမ်တော်ကြီး၌ အဘိဝိနယာစရိယစာတော်ပြန်ပွဲ ဖြေဆိုတော်မူကြသည့် ရဟန်း၊ သာမဏေများအား ကြည်ညိုခဲ့ကြသည်။



ယခုနှစ် ဆဋ္ဌအကြိမ်စာတော်ပြန်ပွဲသို့ စာရင်းသွင်း ပထမအဆင့် ရဟန်း ၈၉ ပါး၊ သာမဏေ ၄၅ ပါး၊ ဒုတိယအဆင့် ရဟန်း ငါးပါး၊ သာမဏေနှစ်ပါးနှင့် တတိယအဆင့် ရဟန်းခုနစ်ပါး စုစုပေါင်း ရဟန်း ၁၀၁ ပါး၊ သာမဏေ ၄၇ ပါးတို့ စာရင်းသွင်းခဲ့ပြီး ဝင်ရောက်ဖြေဆိုမှုမှာ ပထမအဆင့် ရဟန်း ၆၈ ပါး၊ သာမဏေ ၂၆ ပါး၊ ဒုတိယအဆင့် ရဟန်းလေးပါး၊ သာမဏေတစ်ပါးနှင့် တတိယအဆင့် ရဟန်းခြောက်ပါး စုစုပေါင်း ရဟန်း ၇၈ ပါး၊ သာမဏေ ၂၇ ပါးတို့ ဝင်ရောက်ဖြေဆိုခဲ့ရာ ရာခိုင်နှုန်းအားဖြင့် ၇၁ ရာခိုင်နှုန်း ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဗုဒ္ဓသာသနာတော်မြတ်ကြီး အရှည်တည်တံ့စေရေး စောင့်ရှောက်ထိန်းသိမ်းကြရာတွင် ဝိနယဂရုက လဇ္ဇီ ပေသလ သိက္ခာကာမအရှင်မြတ်များစွာပေါ်ထွန်းလာစေရန် ရှေးရှု၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဝံသပါလအသင်းကြီးကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး အဆိုပါအသင်းကြီးသည် အဘိဝိနယာစရိယစာမေးပွဲကို အဆင့်သုံးဆင့်ခွဲကာ ဝိနည်း(၅)ကျမ်း ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ ဟောကြားချက်များကို နှံ့စပ်စုံစေ့စွာ မေးမြန်းခြင်း၊ အာဂုံမေးခွန်းများကိုမေးမြန်းခြင်းအပြင် ဝိနည်းလက်တွေ့ကျင့်သုံးမှုကို စိစစ်အကဲဖြတ်လျက်ရှိသည်။ ပထမအဆင့်နှင့် ဒုတိယအဆင့် အောင်မြင်ပါက အောင်မြင်ပြီးမြောက်ကြောင်း လက်မှတ်ဆက်ကပ်မည်ဖြစ်ပြီး တတိယအဆင့်အောင်မြင်ပါက အဘိဝိနယာစရိယဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ အထူးအောင်မြင်သော ပုဂ္ဂိုလ်ပေါ်ထွန်းလာပါက ဝိသိဋ္ဌာဘိ ဝိနယာစရိယ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ အဘိဝိနယာစရိယစာတော်ပြန်ပွဲအား ၂၀၁၉ ခုနှစ်တွင် နေပြည်တော် လယ်ဝေးမြို့ ရန်ကင်းကျောင်းတိုက်တွင် ပထမအကြိမ် စတင်ကျင်းပခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှစ၍ ၂၀၂၄ ခုနှစ်အထိ ဒုတိယအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ ဒက္ခိဏသီရိ မြို့နယ်ရှိ ရန်အောင်မြင်တောရကျောင်း(မြို့တော်ဝန်ကျောင်း)၌ ကျင်းပခဲ့သည်။

ထူးခြားချက်မှာ စာမေးပွဲဖြေဆိုမည့် စားပွဲပေါ်တွင် သက်ဆိုင်ရာမေးခွန်းနှင့် သက်ဆိုင်သော ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာအုပ်များကို အသင့်ချထားပေးပြီး ခက်ခဲနက်နဲသည့်ဝိနည်းအဆုံးအဖြတ်မေးခွန်းများကို ကျမ်းပြုစုရသည့်ပမာ ဖြေဆိုစေခြင်းဖြစ်ကြောင်း သိရသည်။**(သတင်းစဉ်)**

---

# ရန်ကုန်တိုင်းဒေသကြီး၌ လတ်တလောဖြစ်ပွားလျက်ရှိသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှော့ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ကွင်းဆင်းကြပ်မတ်ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းသည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်/ဆေးရုံအုပ်ကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သာကေတမြို့နယ် ၁(ထူပါရုံ)ရပ်ကွက်ရှိ စံပြဥယျာဉ်ဈေးသို့ ရောက်ရှိပြီး ဈေးအတွင်း အသားငါးများ ရောင်းချရာနေရာများ၊ အခြားဈေးဆိုင်များနှင့် ဈေးအတွင်းသို့ ရေပေးဝေသည့် ရေသိုလှောင်ကန်တို့ကို လှည့်လည်ကြည့်ရှုကာ သန့်ရှင်းမှုအခြေအနေ၊ ယင်မနားအောင် ဆောင်ရွက်ရောင်းချနေမှု ရှိ/မရှိနှင့် ရေသိုလှောင်ဖြန့်ဖြူးမှုစနစ်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ရေသိုလှောင်ကန်အား ကလိုရင်းဆေးခတ်ခြင်း၊ လက်ဆေးဆပ်ပြာရည်နှင့် ဆပ်ပြာခဲများ ဖြန့်ဝေခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေးပိုစတာများကပ်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများဆောင်ရွက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာကေတမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(သာကေတ)သို့ရောက်ရှိပြီး ကျောင်းအတွင်း သောက်ရေသန့်ဖြန့်ဖြူးသည့်စနစ်နှင့် ကျောင်းအိမ်သာများသန့်ရှင်းမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဓာတ်ဆားထုပ်များ၊ လက်ဆေးဆပ်ပြာရည်နှင့် ဆပ်ပြာခဲများကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံအုပ်ကြီးများ၊ ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့်တွေ့ဆုံပြီး လတ်တလောဖြစ်ပွားနေသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ပတ်သက်၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများ၏ ဆောင်ရွက်ခဲ့မှုများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ကူညီပံ့ပိုးပေးမှုများကြောင့် အချို့မြို့နယ်များတွင် လူနာသစ်များ လျော့ကျသွားသည်ကို တွေ့ရှိရကြောင်း၊ ထပ်မံမကူးစက်စေရန် သတိထားဆောင်ရွက်ရမည့်လုပ်ငန်းများအနေဖြင့် သန့်ရှင်းလတ်ဆတ်သောအစားအသောက်များသာ စားသုံးရန်၊ ရေကိုကျိုချက်သောက်ရန်၊ အစာမစားမီနှင့် အိမ်သာမှထွက်ပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ဆေးရန်၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန် အစရှိသော ကာကွယ်ရေးလုပ်ငန်းများ၊ ကူးစက်ခံရသော လူနာများကို ရှာဖွေခြင်း၊ ကုသခြင်း၊ လွှဲပြောင်းခြင်း စသည့်ကုသရေးလုပ်ငန်းများ၊ ရောဂါနောက်ဆက်တွဲပြဿနာများကို ဖြေရှင်းရမည့်နည်းလမ်းများနှင့် အခြားသူများသို့ ထပ်မံကူးစက်မခံရစေရန် သတိထားဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများအနေဖြင့် ကျန်းမာရေး အသိပညာပေးခြင်း၊ လူနာများကို စောစီးစွာသိရှိကုသခြင်းနှင့် ယင်လုံအိမ်သာ သုံးစွဲကြစေရေး စသည့်လုပ်ငန်းများဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်စဉ် ကာကွယ်ဆေးထိုးခြင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်းကဲ့သို့သော အခြားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တစ်ပါတည်းဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ ကျန်းမာရေးအခြေအနေ ပိုမိုမြင့်မားလာအောင် စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြည်သူများအနေဖြင့် သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေးအတွက် နှီးနွှယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး လတ်တလောတွင် ကူးစက်မှုကွင်းဆက်ဖြတ်တောက်နိုင်ရန် ကလိုရင်းဆေးခတ်ခြင်းကို အရှိန်အဟုန်မြင့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လူစုလူဝေးများသော စာသင်ကျောင်းများနှင့် ဘာသာရေးနေရာများတွင်လည်း ရောဂါကာကွယ်တားဆီးနိုင်ရေးအတွက် ရေ၊ အစားအသောက်နှင့် မိလ္လာသန့်ရှင်းမှုအခြေအနေ စစ်ဆေးခြင်းနှင့်



ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေအရင်းအမြစ်အားလုံးကို ကလိုရင်းခတ်ရန်နှင့် လိုအပ်သောပမာဏ ရှိ/မရှိသေချာစေရန် စစ်ဆေးရမည်ဖြစ်ကြောင်း၊ လူနာများကို ကုသရာတွင် လိုအပ်သော ဆေးဝါးပစ္စည်းများကို ပြည်သူ့ဆေးရုံများတွင် လုံလောက်စွာထောက်ပံ့ပေးပြီး ဓာတ်ခွဲစစ်ဆေးမှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ခံရသူတိုင်းကို ကုသရေးလမ်းညွှန်ချက်များနှင့်အညီ ကုသမှုရရှိနိုင်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် အမျိုးသားကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ဝင် ပါမောက္ခစိုးလွင်ငြိမ်းက ပညာရပ်ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက ကဏ္ဍအလိုက်တင်ပြဆွေးနွေးကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တွေ့ဆုံပြီး ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ Chlorine Drum ၄၀ နှင့် Water Purification Tablet ၅၀၀၀၀၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**

**ယမန်နေ့မှအဆက်**

၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် ရေအားလျှပ်စစ်စီမံကိန်းများကို ဖော်ပြပါမည်။

**၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်မှ ၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ**

| စဉ် | စက်ရုံ | တည်နေရာ | တပ်ဆင်အင်အား (မဂ္ဂါဝပ်) | နှစ်စဉ်ထုတ်လုပ်မည့်ဓာတ်အား (ကီလိုဝပ်နာရီသန်း) | စက်လည်ပတ်ရက်စွဲ |
|---|---|---|---|---|---|
| (က) | ရေအားလျှပ်စစ်(နိုင်ငံပိုင်) | | ၁၃၈၇ | ၆၀၀၄. ၁၀ | |
| ၁ | ဆည်တော်ကြီး | မတ္တရာ | ၂၅ | ၁၃၄ | ၁၂. ၆. ၁၉၈၉ |
| ၂ | ဘီလူးချောင်း(၁) | လွိုင်ကော် | ၂၈ | ၂၀၀ | ၁၁. ၈. ၁၉၉၂ |
| ၃ | ဇော်ဂျီ(၁) | ရပ်စောက် | ၁၈ | ၃၅ | ၁၇. ၉. ၁၉၉၅ |
| ၄ | ဇော်ဂျီ(၂) | ရပ်စောက် | ၁၂ | ၃၀ | ၅. ၁၀. ၁၉၉၈ |
| ၅ | ဇောင်းတူ | ပဲခူး | ၂၀ | ၇၆. ၃ | ၁၂. ၃. ၂၀၀၀ |
| ၆ | သဖန်းဆိပ် | ကျွန်းလှ | ၃၀ | ၁၁၇. ၂ | ၇. ၆. ၂၀၀၂ |
| ၇ | မုန်းချောင်း | စေတုတ္တရာ | ၇၅ | ၃၃၀ | ၁၇. ၁၂. ၂၀၀၄ |
| ၈ | ပေါင်းလောင်း | ပျဉ်းမနား | ၂၈၀ | ၉၁၁ | ၁၈. ၄. ၂၀၀၅ |
| ၉ | ရဲနွယ် | ကျောက်တံခါး | ၂၅ | ၁၂၃ | ၄. ၂. ၂၀၀၇ |
| ၁၀ | ခပေါင်း | အုတ်တွင်း | ၃၀ | ၁၂၀ | ၅. ၃. ၂၀၀၈ |
| ၁၁ | ကျိုင်းတောင်း | ကျိုင်းတောင်း | ၅၄ | ၃၇၇. ၆ | ၃၁. ၁. ၂၀၀၉ |
| ၁၂ | ရဲရွာ | မန္တလေး | ၇၉၀ | ၃၅၅၀ | ၁၅. ၁၂. ၂၀၁၀ |
| (ခ) | ရေအားလျှပ်စစ်(ဖက်စပ်) | | ၈၄၀ | ၅၀၈၇. ၀၀ | |
| ၁။ | ရွှေလီ(၁) | နမ့်ခမ်း | ၆၀၀ | ၄၀၂၂ | ၁၆. ၄. ၂၀၀၉ |
| ၂။ | တာပိန်(၁) | ဗန်းမော် | ၂၄၀ | ၁၀၆၅ | ၃၀. ၁၂. ၂၀၁၀ |
| | **စုစုပေါင်း** | | **၂၂၂၇** | **၁၁၀၉၁. ၁၀** | |

၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်က နိုင်ငံ့တာဝန်များကို ပထမအကြိမ် ရွေးကောက်ခံအစိုးရလက်ဝယ်သို့ လွှဲပြောင်းပေးအပ်ချိန်တွင် အောက်ပါ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဓာတ်အားပေးစက်ရုံစီမံကိန်းများမှာ ဆောင်ရွက်ဆဲအဆင့်ဖြင့် လွှဲပြောင်းပေးအပ်ခဲ့သည်။



မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၇၅ မဂ္ဂါဝပ်)



ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၃၀ မဂ္ဂါဝပ်)



သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၃၀ မဂ္ဂါဝပ်)



ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၅၄ မဂ္ဂါဝပ်)



ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၂၅ မဂ္ဂါဝပ်)



ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၇၉၀ မဂ္ဂါဝပ်)

**၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်က အစိုးရသစ်သို့ လွှဲပြောင်းပေးခဲ့သော ဆောင်ရွက်ဆဲ နိုင်ငံပိုင်ရေအားလျှပ်စစ်စီမံကိန်းများ**

| စဉ် | စီမံကိန်း | တည်နေရာ | တပ်ဆင်အင်အား (မဂ္ဂါဝပ်) | နှစ်စဉ်ထုတ်လုပ်မည့်ဓာတ်အား (ကီလိုဝပ်နာရီသန်း) | လွှဲပြောင်းချိန်ပြီးစီးမှု (%) |
|---|---|---|---|---|---|
| ၁ | အထက်ပေါင်းလောင်း | ပျဉ်းမနား | ၁၄၀ | ၄၅၄ | ၄၁ |
| ၂ | နန်ချို | ပျဉ်းမနား | ၄၀ | ၁၅၂ | ၆၃ |
| ၃ | အလယ်ပေါင်းလောင်း | ပျဉ်းမနား | ၁၀၀ | ၅၀၀ | ၆ |
| ၄ | အထက်ရဲရွာ | ကျောက်မဲ | ၂၈၀ | ၁၃၃၀ | ၆ |
| ၅ | ရွှေလီ(၃) | မိုးမိတ် | ၁၀၅၀ | ၃၅၀၀ | ၃ |
| ၆ | ကွန်းချောင်း | ဖြူး | ၆၀ | ၁၉၀ | ၉၃ |
| ၇ | ဖြူးချောင်း | ဖြူး | ၄၀ | ၁၂၀ | ၇၃ |
| ၈ | မဏိပူရ | ကလေး | ၃၈၀ | ၁၉၀၃ | ၄ .၅ |
| ၉ | သူဌေးချောင်း | သံတွဲ | ၁၁၁ | ၃၈၆ | ၂၀ .၅ |
| ၁၀ | ရွှေကျင် | ရွှေကျင် | ၇၅ | ၂၆၂ | ၉၀ |
| | **ဆောင်ရွက်ဆဲ(နိုင်ငံပိုင်)** | | **၂၂၇၆** | **၈၇၉၇** | |

လျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ ဖက်စပ်ပိုင် စသည်ဖြင့် အလျဉ်းသင့်သလို ရင်းနှီးမြှုပ်နှံကြသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအားလုံးကို နိုင်ငံတော်ကသာ ရင်းနှီးမြှုပ်နှံနေမည်ဆိုပါက ရန်ပုံငွေအခက်အခဲကြောင့် ဓာတ်အားရရှိမှု နှောင့်နှေးကြန့်ကြာမည်ဖြစ်သည်။ သို့ပါ၍ တချို့သော ဓာတ်အားပေးစက်ရုံစီမံကိန်းများကို ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များအားလည်းကောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း၍လည်းကောင်း ဆောင်ရွက်ရန် ၂၀၀၀ ပြည့်နှစ်မှစ၍ အစိုးရက စီစဉ်လာခဲ့သည်။

**ဆက်လက်ဖော်ပြပါမည်။**

---

နေပြည်တော်၊ အားကစား

# အသက် ၂၁ နှစ်အောက် တန်းခုန်အရည်အချင်းစစ် မြင်းစီးပြိုင်ပွဲ ဇူလိုင်လ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပမည်

မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ အသက် ၂၁ နှစ်အောက် တန်းခုန်အရည်အချင်းစစ် မြင်းစီးပြိုင်ပွဲကို ဇူလိုင်လ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် နေပြည်တော်မြင်းစီးအားကစားကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် မြင်းများသယ်ယူပို့ဆောင်ရာတွင် အမြန်လမ်းအသုံးပြုလိုပါက ထွက်ခွာမည့်ရက် မတိုင်မီ နှစ်ရက်ကြိုတင်၍ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးထံ Asian Equestrian Federation (AEF) U-21 ပြိုင်ပွဲပုံစံ ဖြည့်စွက်၍ လျှောက်ထားရမည်ဖြစ်သည်။

ထို့ပြင် မြင်းထိန်းများနှင့် မြင်းများအတွက် နေရာထိုင်ခင်းများ ကြိုတင်စီစဉ်နိုင်ရေးအတွက် နေပြည်တော်မြင်းစီးအားကစားကွင်းတာဝန်ခံ ဦးကျော်ချမ်းငြိမ်း ဖုန်း-၀၉-၂၅၉၀၈၂၂၉၃ သို့ တစ်ရက်ကြိုတင်အသိပေး အကြောင်းကြားရမည်ဖြစ်သည်။


အဆိုပါအရည်အချင်းစစ်မြင်းစီးပြိုင်ပွဲတွင်ပါဝင်ရန် ဇူလိုင်လ ၁ ရက်အထိ စာရင်းပေးသွင်းထားသူ ကိုးဦးရှိပြီဖြစ်ပြီး ထပ်မံပါဝင်လိုသူများအနေဖြင့် Asian Equestrian Federation (AEF) U-21 ပြိုင်ပွဲပုံစံတွင် အမည်၊ အသက်/မွေးသက္ကရာဇ်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ပညာအရည်အချင်း၊ အဖအမည်၊ နေရပ်လိပ်စာ၊ ကလပ်အသင်း၊ ယှဉ်ပြိုင်မည့်ပြိုင်ပွဲအမျိုးအစား၊ ပြိုင်ပွဲအတွေ့အကြုံတို့ကိုဖြည့်သွင်းပြီး မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်ထံ ပေးပို့ရမည်ဖြစ်သည်။

မြင်းစီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်မြင်းများသည် နေပြည်တော်မြင်းစီးအားကစားကွင်းရှိ မြင်းဇောင်းသို့ ဇူလိုင်လ ၁၇ ရက် နောက်ဆုံးထား ရောက်ရှိရမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်တင်**

နေပြည်တော် ဇူလိုင် ၈

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ချင်းတောင်မြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာ



ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

SCO သရုပ်ဖော်ပြသပွဲဇုန်၏အထင်ကရဖြစ်သည့် ချင်းတောင်-SCO ပုလဲအပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲစင်တာ(Pearl of SCO International Expo Center) စီမံကိန်းကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး အဆောက်အဦဧရိယာသည် ၁၆၈၈၀၀ စတုရန်းမီတာကျယ်ဝန်း၍ လုပ်ငန်းများစွာ ဆောင်ရွက်နိုင်သော စနစ်များစွာပါဝင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ချင်းတောင် -SCO ပုလဲအပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲစင်တာ (Pearl of SCO International Expo Center) တွင် လှည့်လည်ကြည့်ရှုလေ့လာစဉ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချင်းတောင်မြို့၌ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ ၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ချင်းတောင်မြို့ရှိ ချင်းတောင် -SCO ပုလဲအပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲစင်တာ(Pearl of SCO International Expo Center)နှင့် China Transfer (SCO) အပြည်ပြည်ဆိုင်ရာထောက်ပံ့ပို့ဆောင်ရေးဆိပ်ကမ်းစီမံကိန်း (China Transfer (SCO) International Logistic Port Project)များသို့သွားရောက်လှည့်လည်ကြည့်ရှုလေ့လာသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချင်းတောင်-SCO ပုလဲအပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲစင်တာ(Pearl of SCO International Expo Center)သို့ရောက်ရှိရာ စင်တာမှတာဝန်ရှိသူများက ကြိုဆိုကြ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ချင်းတောင် -SCO ပုလဲအပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲစင်တာ (Pearl of SCO International Expo Center)တွင် လှည့်လည်ကြည့်ရှုလေ့လာစဉ်။

**China Transfer (SCO) အပြည်ပြည်ဆိုင်ရာထောက်ပံ့ပို့ဆောင်ရေးဆိပ်ကမ်းစီမံကိန်းတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ယွမ် ၁၀ ဘီလီယံရှိပြီး ဧရိယာမှာ ၁၃၄၃ ဧက၊ အဆောက်အအုံအကျယ်အဝန်းမှာ ၉၈၉၀၀၀ စတုရန်းမီတာရှိပြီး အဓိကအားဖြင့် သတင်းအချက်အလက်ကုန်သွယ်မှုစင်တာ၊ ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးစင်တာ၊ မော်တော်ယာဉ်အရင်းအမြစ်စင်တာ၊ သိုလှောင်ရုံနှင့် ဖြန့်ဖြူးရေးစင်တာ၊ ယာဉ်ဝန်ဆောင်မှုစင်တာ၊ ထရပ်ကားပြသမှုစင်တာနှင့် စီးပွားရေးဝန်ဆောင်မှုစင်တာ စသည့်ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်း(၇)ခုကို ဆောင်ရွက်လျက်ရှိ . . .**

သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်တာအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဖွံ့ဖြိုးတိုးတက်ရေးဇုန် တရုတ်ကွန်မြူနစ်ပါတီလုပ်ငန်းကော်မတီအဖွဲ့ဝင် မစ္စဖူကျုံဟွနှင့် တာဝန်ရှိသူများက စင်တာဆိုင်ရာအချက်အလက်များ၊ ဈေးကွက်ဗဟိုပြုစနစ်ဖြင့် ရင်းနှီးမြှုပ်နှံ၍ တည်ဆောက်လည်ပတ်နေမှု၊ SCO အဖွဲ့ဝင် တစ်နိုင်ငံချင်းစီ၏ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် ကုန်သွယ်ရေးပြပွဲနေရာများထောက်ပံ့ခြင်းသည်။ ၎င်းသည် ဈေးကွက်ဗဟိုပြုစနစ်ဖြင့် ရင်းနှီးမြှုပ်နှံ၍ တည်ဆောက်လည်ပတ်လျက်ရှိပြီး ပြခန်းညီလာခံများ၊ ပညာရေးနှင့်လေ့လာသင်ကြားမှုများ၊ ခရီးသွားလာမှုနှင့်လှည့်လည်ကြည့်ရှုခြင်းများ၊ ကုန်စည်ပြပွဲနှင့် ရောင်းချမှုများ၊ ယဉ်ကျေးမှုဖလှယ်ခြင်းနှင့်စီးပွားရေးဝန်ဆောင်မှုများ စသည်တို့ကို ပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊ SCO အဖွဲ့ဝင် တစ်နိုင်ငံချင်းစီ၏ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် ကုန်သွယ်ရေးပြပွဲနေရာများ ထောက်ပံ့ပေးခြင်းများဆောင်ရွက်ပေးသည်။ SCO စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ရေးကွင်းဆက်ဖိုရမ်၊ SCO အပြည်ပြည်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုနှင့် **စာမျက်နှာ ၆ သို့***



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ချင်းတောင် -SCO ပုလဲအပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲစင်တာ (Pearl of SCO International Expo Center) တွင် လှည့်လည်ကြည့်ရှုလေ့လာစဉ်။

* စာမျက်နှာ ၅ မှအဆက်

ကုန်သွယ်ရေးကုန်စည်ပြပွဲ ကဲ့သို့သော ဘက်ပေါင်းစုံနှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဖလှယ်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၏ အောင်မြင်မှုပြယုဂ်တစ်ရပ်ဖြစ်သည့် China Transfer (SCO)အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးဆိပ်ကမ်းစီမံကိန်း (China Transfer (SCO) International Logistic Port Project)သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေးဇုန်အုပ်ချုပ်ရေးအဖွဲ့ အထွေထွေရေးရာဒုတိယညွှန်ကြားရေးမှူး မစ္စတာရွှဲကြားပင်က စီမံကိန်းအတွင်း ရင်းနှီးမြှုပ်နှံထားရှိမှု၊ ဝန်ဆောင်မှုကိုဦးတည်သော ပို့ကုန်သွင်းကုန်လုပ်ငန်းဆောင်ရွက်နေမှု၊ ဝန်ဆောင်မှုစကြီကို အွန်လိုင်းနှင့် အော့ဖ်လိုင်းစနစ်ဖြင့် ဖန်တီးဆောင်ရွက်ရန် ပြီးပြည့်စုံသောဝန်ဆောင်မှုဌာနချုပ်ကို တည်ထောင်ခဲ့မှုနှင့် တိုးချဲ့ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ပြသထားသည့် SCO အဖွဲ့ဝင်နိုင်ငံများ၏ ထုတ်ကုန်ပစ္စည်းများကိုကြည့်ရှုလေ့လာသည်။

အဆိုပါ China Transfer (SCO) အပြည်ပြည်ဆိုင်ရာထောက်ပံ့ပို့ဆောင်ရေးဆိပ်ကမ်းစီမံကိန်းတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုယွမ် ၁၀ ဘီလီယံရှိပြီး ဧရိယာမှာ ၁၃၄၃ ဧက၊ အဆောက်အအုံ အကျယ်အဝန်းမှာ ၉၈၉၀၀၀ စတုရန်းမီတာရှိပြီး အဓိကအားဖြင့် သတင်းအချက်အလက်ကုန်သွယ်မှုစင်တာ၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးစင်တာ၊ မော်တော်ယာဉ်အရင်းအမြစ်စင်တာ၊ သိုလှောင်ရုံနှင့် ဖြန့်ဖြူးရေးစင်တာ၊ ယာဉ်ဝန်ဆောင်မှုစင်တာ၊ ထရပ်ကားပြသမှုစင်တာနှင့် စီးပွားရေးဝန်ဆောင်မှုစင်တာ စသည့်ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်း (၇)ခုကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း China Transfer (SCO) အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးဆိပ်ကမ်း စီမံကိန်း (China Transfer (SCO) International Logistic Port Project)တွင် လှည့်လည် ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း China Transfer (SCO) အပြည်ပြည်ဆိုင်ရာထောက်ပံ့ပို့ဆောင်ရေးဆိပ်ကမ်းစီမံကိန်း (China Transfer (SCO) International Logistic Port Project)တွင် လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ရန်ကုန် ဇူလိုင် ၈

# ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များမှ အလုပ်သင်ဆရာဝန်သစ်လွင်(၇/၂၀၂၄)အဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများအား ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း တွေ့ဆုံအမှာစကားပြောကြား



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လမ်းမတော်မြို့နယ်ရှိ ဆေးတက္ကသိုလ်(၁) ရန်ကုန်ရှိ ဆေးပညာကျွမ်းကျင်မှု ပုံတူပြုလေ့ကျင့်ရေးနှင့် သုတေသနဌာန (MEDICAL SKILLS, SIMULATION AND RESEARCH CENTER)သို့ ရောက်ရှိပြီး အလုပ်သင်ဆရာဝန်သစ်လွင်(၇/၂၀၂၄)များနှင့်တွေ့ဆုံ အမှာစကားပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သင်ကြားရေးဆေးရုံကြီးများနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များတွင် ဇူလိုင်လ ၁ ရက်မှစ၍ အလုပ်သင်ဆရာဝန် လေ့ကျင့်တာဝန်ထမ်းဆောင်ကြမည့်သူများမှာ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ်(မန္တလေး)၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဆေးတက္ကသိုလ်(မကွေး)၊ ဆေးတက္ကသိုလ်(တောင်ကြီး) စသည့်ဆေးတက္ကသိုလ်များမှ အလုပ်သင်ဆရာဝန် ၁၂၇၅ ဦး၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး) စသည့် တက္ကသိုလ်တို့မှ ၂၃ ဦး စုစုပေါင်း ၁၂၉၈ ဦးရှိပြီး မိမိတို့အနေဖြင့် ဂုဏ်ယူဝမ်းမြောက်စွာကြိုဆိုကြောင်း။

နိုင်ငံတော်၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေးဆိုသည့် လူမှုရေးဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးလက်ကျန်းမာရေးဒေသ အောက်ခြေထိ ကျန်းမာရေး အသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလျှင် ထိရောက်စွာကုသပေးခြင်း စသည့်အရေးကြီးသည့် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုအခန်းကဏ္ဍများတွင် မိမိသင်ယူတတ်မြောက်ထားသော ဆေးပညာရပ်များကို အခြေခံပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်အနေဖြင့် ၂၀၂၂ ခုနှစ်မှ စတင်ပြီး အလုပ်သင်ဆရာဝန်ချီးမြှင့်ငွေကို တိုးမြှင့်၍ ချီးမြှင့်ပေးခဲ့ကြောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင်လည်း မိမိတို့တာဝန်ကျရာဒေသရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ခေတ်ကာလအခြေအနေအရ ပြောင်းလဲလာသော ဆေးကုသမှုစနစ်များကိုလေ့လာပြီး ဆရာဝန်ကောင်းတစ်ယောက်တွင်ရှိသင့်သည့် ဝတ်စားဆင်ယင်မှု၊ ဉာဏ်ရည်ဆိုင်ရာစွမ်းရည်(IQ)၊ စိတ်ခံစားမှုဆိုင်ရာစွမ်းရည်(EQ)၊ လူမှုရေးဆိုင်ရာစွမ်းရည် (SQ)နှင့် အခက်အခဲရင်ဆိုင်နိုင်မှုစွမ်းရည်(AQ) စသည့် အရည်အချင်းကောင်းများကို မွေးမြူ၍ အရက်သေစာသောက်စားခြင်းများ၊ မူးယစ်ဆေးဝါးများ၏အန္တရာယ်မှ ကောင်းစွာရှောင်ကြဉ်ပြီး လေ့လာဆည်းပူးတတ်မြောက်ထားသော ဆေးပညာရပ်များကို လက်တွေ့အသုံးချကာ ဆရာဝန်တစ်ယောက်၏ စစ်မှန်သောခံယူချက်၊ ယုံကြည်ချက်များဖြင့် ဆရာဝန်များလိုက်နာရမည့်ကျင့်ဝတ်နှင့်အညီ စိတ်ဓာတ်မယိမ်းယိုင်ဘဲ မြင့်မြတ်လှသည့်ဆရာဝန်စိတ်ကိုအရင်းခံပြီး Professional ပီသစွာ လူနာများခံစားနေရသော ရုပ်ပိုင်းဆိုင်ရာ ရောဂါဝေဒနာများ၊ စိတ်ပိုင်းဆိုင်ရာရောဂါဝေဒနာများကို ပြုစုကုသပေးသွားကြရန် အလေးအနက်တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥက္ကဋ္ဌနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အလုပ်သင် ဆရာဝန်သစ်လွင် မောင်/မယ်များကို ဆရာဝန်စိတ်ဓာတ်နှင့် အရင်းခံ၍ ခံယူချက်ကောင်းကောင်းထားကာ စိတ်ရောကိုယ်ပါ ကြိုးစားတာဝန်ထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အလုပ်သင်ဆရာဝန်သစ်လွင် မောင်/မယ်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အဆိုပါအဆောက်အအုံ ဒုတိယအလွှာရှိ Non Technical Skill Lab ၌ သင်ကြားလျက်ရှိသော Basic Surgical Skill Course အခြေခံခွဲစိတ်ကုဆိုင်ရာသင်တန်းကို ဝင်ရောက်ကြည့်ရှု၍ တစ်ဦးချင်းစီ၏ လက်တွေ့ကြိုးစားလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ မြန်မာနိုင်ငံ ဆေးကောင်စီ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်းတို့မှဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတက္ကသိုလ်ပါမောက္ခချုပ်များ၊ သင်ကြားရေးဆေးရုံအုပ်ကြီးများ၊ သက်ဆိုင်ရာတက္ကသိုလ်များမှ သင်ကြားရေးဆရာ၊ ဆရာမများနှင့် အလုပ်သင်ဆရာဝန်များ တက်ရောက်ကြပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ တက္ကသိုလ်များမှ အလုပ်သင်ဆရာဝန်များနှင့် တာဝန်ရှိသူများက Online စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၈

# နမ့်စန်မြို့နယ်၌ အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲဖွင့်ပွဲပြုလုပ်



**အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း အခြေခံပညာကျောင်းပေါင်းစုံ အသက် (၁၈) နှစ်အောက် အမျိုးသား/အမျိုးသမီးဘောလုံးပြိုင်ပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်၌ ၂၀၂၄ ခုနှစ်၊ အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် အဆိုပါ မြို့နယ်အားကစားကွင်း၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား/ကျောင်းသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၃ သင်း၊ အမျိုးသမီးအသင်း ၆ သင်းတို့ဖြင့် ဇူလိုင်လ ၁၈ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

**♦ ကျောဖုံးမှအဆက်**

၁ ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၆ ပေခွဲခန့် (၂၀၀ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၈ ပေကျော်ခန့် (၂၄၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၇ ပေခန့် (၂၁၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခွဲခန့် (၁၀၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခန့် (၉၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# သွေးချိုဆီးချိုရောဂါနှင့် သတိပြုစရာဝမ်းပျက်ဝမ်းလျှောရောဂါ

ဒေါက်တာသီဂီကျော်

သွေးချိုဆီးချိုရောဂါရှိသူများတွင် ကိုယ်ခံအားစနစ်အားနည်းသဖြင့် သာမန်လူများနှင့်နှိုင်းယှဉ်လျှင် ရောဂါပိုးကူးစက်လွယ်ပြီး ပြင်းထန်သောရောဂါလက္ခဏာများနှင့် နောက်ဆက်တွဲပြဿနာများကို ခံစားရနိုင်ပါသည်။ မိုးရာသီတွင် မြင့်မားသောစိုထိုင်းဆနှင့် မိုးရွာသွန်းမှုသည် ရေကိုညစ်ညမ်းစေနိုင်ပြီး ဗက်တီးရီးယားနှင့် မှိုများပေါက်ပွားကာ ဝမ်းပျက်ဝမ်းလျှောရောဂါများ ပိုမိုဖြစ်ပွားစေသည်။ ဤကာလအတွင်း သန့်ရှင်းမှုမရှိသောရေနှင့် အစိမ်း သို့မဟုတ် ကျက်အောင်ချက်ပြုတ်ထားခြင်းမရှိသော အစားအစာများကိုစားသုံးခြင်းသည် သွေးချိုဆီးချိုရောဂါရှိသူများတွင် ဝမ်းပျက်ဝမ်းလျှောနှင့် တခြားသောအစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများဖြစ်ပွားနိုင်ခြေကို တိုးမြင့်စေပါသည်။

ဗက်တီးရီးယားများ၊ ဗိုင်းရပ်စ်များနှင့် ကပ်ပါးပိုးများကူးစက်မှုကြောင့်ဖြစ်တတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါသည် ဝမ်းဗိုက်နာခြင်း၊ ပျို့အန်ခြင်းနှင့် ဖျားခြင်းတို့ကို ဖြစ်စေနိုင်သည်။ ဝမ်းလျှောသည်ဆိုရာတွင် တစ်နေ့တာအတွင်း ဝမ်းအရည်သုံးကြိမ်နှင့်အထက်သွားခြင်းကိုခေါ်ဆိုပါသည်။ ဝမ်းလျှောခြင်းသည် သုံးရက်နှင့်အထက်ကြာလျှင် ပြင်းထန်သောအခြေအနေတစ်ရပ်ဟု သတ်မှတ်ပါသည်။ ဝမ်းလျှောခြင်းနှင့်အတူ ကိုယ်ပူခြင်း၊ ချမ်းတုန်ခြင်း၊ ဝမ်းတွင်သွေးစပါခြင်းတို့ဖြစ်လျှင် ဗိုင်းရပ်စ် သို့မဟုတ် ဗက်တီးရီးယားကြောင့်ဖြစ်သော ဝမ်းလျှောခြင်းပြဿနာကို ခံစားနေရခြင်းဖြစ်ကြောင်း သတိပြုရပါမည်။ ပြင်းထန်သောဝမ်းပျက်ဝမ်းလျှောရောဂါတစ်မျိုးဖြစ်သည့် ကာလဝမ်းရောဂါဖြစ်လျှင် ဆန်ဆေးရည်ကဲ့သို့ အဖြူရောင်ဝမ်းအရည်များ မကြာခဏသွားပြီး အော့အန်ခြင်း၊ ကြွက်တက်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သတိလစ်ခြင်းနှင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ လျင်မြန်စွာဆုံးရှုံးသွား၍ အသက်အန္တရာယ်ထိခိုက်နိုင်ကြောင်း သတိပြုရပါမည်။

ဝမ်းလျှောခြင်းတွင် (၁) ကာလတိုဝမ်းလျှောခြင်းနှင့် (၂) ကာလရှည်ဝမ်းလျှောခြင်းဟူ၍ နှစ်မျိုးရှိပြီး ကာလတိုဝမ်းလျှောခြင်းသည် နှစ်ရက်ခန့်အကြာတွင် ရပ်တန့်သွားနိုင်သဖြင့် စိုးရိမ်ဖွယ်အခြေအနေဖြစ်နိုင်ခြေနည်းပါသည်။ ကာလရှည်ဝမ်းလျှောခြင်းတွင် ဝမ်းလျှောသည့်အကြိမ်ရေများသည်နှင့်အမျှ ခန္ဓာကိုယ်မှ ရေဓာတ်ဆုံးရှုံးသွားနိုင်သောကြောင့် အချိန်မီကုသမှုခံယူသင့်ပါသည်။ နောက်ဆက်တွဲပြဿနာများဖြစ်သော အစာအိမ်နာခြင်း၊ ဆီးနည်းခြင်း၊ သွေးပေါင်ထိုးကျသွားပြီး သတိလစ်ခြင်းများကို ခံစားရနိုင်သဖြင့် စိုးရိမ်ရပါသည်။

သွေးချိုဆီးချိုဝေဒနာရှင်များသည် ပြင်းထန်စွာဝမ်းလျှော၍ ရေဓာတ်ခန်းခြောက်နေသည့်ကာလတွင် ဆုံးရှုံးသွားသောရေနှင့်ဆားဓာတ်များကို ပြန်လည်ဖြည့်တင်းရန် ဓာတ်ဆားရည် (ORS) ကို သောက်သုံးခြင်းဖြင့် ဘေးကင်းပြီး ဆေးရုံတက်ရခြင်းမှရှောင်ကြဉ်နိုင်သည်။ ရေတစ်လီတာလျှင် ကာဗိုဟိုက်ဒရိတ် ၁၀ မှ ၁၅ ဂရမ်အထိပါသောဓာတ်ဆားရည်ကို ဝမ်းတစ်ကြိမ်သွားလျှင်တစ်ခါ၊ အနည်းဆုံး ၁၂၀ မှ ၂၅၀ မီလီလီတာ သို့မဟုတ် တစ်နာရီလျှင်တစ်ကြိမ်သောက်ပါ။ အော့အန်လျှင် သို့မဟုတ် အရည်များများသောက်ရန် အခက်အခဲရှိလျှင် ၁၅ မိနစ်တစ်ကြိမ် အနည်းငယ်သောက်ရန်လိုအပ်ပါသည်။ ထို့နောက် ရေဓာတ်ပြန်လည်ဖြည့်တင်းမှုကို ဓာတ်ဆားရည်အစား စွပ်ပြုတ်အရည်များ၊ ဟင်းရည်၊ ကြက်စွပ်ပြုတ်နှင့် အာဟာရဖျော်ရည်များကို များများသောက်ရန် လိုအပ်ပါသည်။

*"ဝမ်းလျှောခြင်းတွင် (၁) ကာလတိုဝမ်းလျှောခြင်းနှင့် (၂) ကာလရှည်ဝမ်းလျှောခြင်းဟူ၍နှစ်မျိုးရှိပြီး ကာလတိုဝမ်းလျှောခြင်းသည် နှစ်ရက်ခန့်အကြာတွင် ရပ်တန့်သွားနိုင်သဖြင့် စိုးရိမ်ဖွယ်အခြေအနေဖြစ်နိုင်ခြေနည်းပါသည်။ ကာလရှည်ဝမ်းလျှောခြင်းတွင် ဝမ်းလျှောသည့်အကြိမ်ရေများသည်နှင့်အမျှ ခန္ဓာကိုယ်မှ ရေဓာတ်ဆုံးရှုံးသွားနိုင်သောကြောင့် အချိန်မီကုသမှုခံယူသင့်ပါသည်။ နောက်ဆက်တွဲပြဿနာများဖြစ်သော အစာအိမ်နာခြင်း၊ ဆီးနည်းခြင်း၊ သွေးပေါင်ထိုးကျသွားပြီး သတိလစ်ခြင်းများကို ခံစားရနိုင်သဖြင့် စိုးရိမ်ရပါသည်. . ."*

သွေးတွင်းသကြားဓာတ်များလွန်းပါက ရေ၊ ရေနွေးကြမ်း သို့မဟုတ် သကြားမပါသော ဟင်းရည်၊ ကြက်စွပ်ပြုတ်ရည်များကို သောက်နိုင်ပါသည်။ ရေဓာတ်ခန်းခြောက်ခြင်းသည် သွေးတွင်းသကြားဓာတ်အလွန်မြင့်တက်ခြင်းကို ဖြစ်စေနိုင်သောကြောင့် ရေဓာတ်ပြည့်ဝနေစေရန် ရေလုံလောက်အောင်သောက်ဖို့လိုအပ်ပါသည်။ ပြင်းထန်သောရေဓာတ်ခန်းခြောက်ခြင်း၏လက္ခဏာများကိုလည်း သိရှိထားရန် လိုအပ်ပါသည်။ အလွန်အမင်းရေငတ်ခြင်း၊ ပါးစပ်နှင့်အသားအရေခြောက်သွေ့ခြင်း၊ မျက်တွင်းချိုင့်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ဆီးအရောင်ရင့်ခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊ တက်ခြင်း၊ ပျို့ခြင်း၊ အော့အန်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ ပုံမှန်ထက်ချွေးထွက်ပြီး ဆီးသွားခြင်း၊ ခေါင်းကိုက်ခြင်းတို့ ဖြစ်တတ်ပါသည်။ နောက်ဆုံးတွင် သတိလစ်ပြီး အသက်အန္တရာယ်ရှိနိုင်သဖြင့် ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးသွားရောက်ကုသရန် လိုအပ်ပါသည်။

သွေးချိုဆီးချိုရောဂါရှိသူများ ဝမ်းပျက်ဝမ်းလျှောဖြစ်လျှင် သွေးတွင်းသကြားဓာတ်ပမာဏကို မကြာခဏစစ်ဆေးသင့်ပါသည်။ အမျိုးအစား (၁) သွေးချိုဆီးချိုလူနာသည် လေးနာရီခြားစစ်ဆေးရန်နှင့် အမျိုးအစား (၂) လူနာသည် အနည်းဆုံး တစ်ရက်လျှင် လေးကြိမ်စစ်ဆေးရန် သို့မဟုတ် ဆရာဝန်မှ အကြံပြုထားသည့်အတိုင်း စစ်ဆေးရန်လိုအပ်ပါသည်။ ဖျားသောနေ့များတွင် အပူချိန်ကို လေးနာရီခြားပုံမှန်တိုင်းရန် လိုပါသည်။

သွေးချိုဆီးချိုရောဂါရှိသူတစ်ဦးတွင် တစ်ရက်လျှင် ငါးကြိမ်ထက်ပို၍ဝမ်းလျှောခြင်း သို့မဟုတ် ၂၄ နာရီထက်ပို၍ ဆက်တိုက်ဝမ်းလျှောနေခြင်း၊ ဝမ်းထဲတွင် သွေးပါနေခြင်း၊ ဝမ်းအမည်းရောင်သွားခြင်း၊ ဆန်ဆေးရည်ကဲ့သို့ အဖြူရောင်ဝမ်းအရည်များ ဆက်တိုက်သွားခြင်း၊ ဝမ်းဗိုက်ပြင်းပြင်းထန်ထန်နာကျင်ခြင်း၊ အပူချိန် ၁၀၁ ဒီဂရီဖာရင်ဟိုက်နှင့်အထက်ဖျားခြင်း၊ သွေးတွင်းဂလူးကို့စ်ပမာဏ ၃၀၀ မီလီဂရမ်ထက်များခြင်း၊ ဆီး သို့မဟုတ် သွေးထဲတွင် ကီတုန်းပမာဏမြင့်တက်နေခြင်း၊ အဆက်မပြတ်အန်နေပြီး ရေဓာတ်ခန်းခြောက်ခြင်းတို့ရှိလျှင် ဆရာဝန်နှင့် အရေးပေါ်ပြသရန် နီးစပ်ရာကျန်းမာရေးဌာနများနှင့် ပြည်သူ့ဆေးရုံများသို့ အမြန်ဆုံးသွားရောက်ရန် လိုအပ်ပါသည်။

ဝမ်းပျက်ဝမ်းလျှောသည့်နေ့တွင် ပုံမှန်သောက်နေသောဆီးချိုဆေးများ၊ တခြားရောဂါများအတွက်သောက်ဆေးများကို ဆက်သောက်ရန်နှင့် အင်ဆူလင်ကို ဆက်ထိုးရန်လိုအပ်ပါသည်။ သွေးတွင်းသကြားဓာတ်ပမာဏများလွန်း၊ နည်းလွန်းလျှင် အင်ဆူလင်ထိုးဆေးပမာဏကို လိုအပ်သလိုချိန်ညှိရန် ဆရာဝန်နှင့်တိုင်ပင်ပါ။ အူလမ်းကြောင်းအတွင်းရှိ ဝမ်းပျက်ဝမ်းလျှောဖြစ်စေနိုင်သော ဗက်တီးရီးယားများ လျော့နည်းပပျောက်စေရန် ပဋိဇီဝဆေးများပေး၍ ကုသရန်လိုအပ်ပါသည်။ ပရိုဘိုင်အိုတစ်များစားပေးခြင်း၊ အူတွင်းအကျိုးပြုဗက်တီးရီးယားများကို အထောက်အပံ့ပေးနိုင်သောအစားအစာများစားပေးခြင်း၊ ပိုတက်စီယမ်များသောအစားအသောက်များဖြစ်သည့် အာလူး၊ ငှက်ပျောသီး၊ သကြားမပါသောသစ်သီးဖျော်ရည်များသောက်ပေးခြင်းတို့ဖြင့် တချို့သောလူများတွင် လက္ခဏာများသက်သာနိုင်သည်။

အစာစားချင်စိတ်လျော့နည်းသွားခြင်း သို့မဟုတ် အော့အန်ခြင်းကြောင့် အစားအစာစားသုံးမှုလျော့နည်းသွားနိုင်သောကြောင့် အစားအသောက်ပုံစံကိုပြုပြင်ရန် လိုအပ်ပါသည်။ မာသောအစားအစာများလျှော့စားရန်၊ ခန္ဓာကိုယ်၏ အနည်းဆုံးကာဗိုဟိုက်ဒရိတ် လိုအပ်ချက်ပမာဏ ၁၅၀ ဂရမ်ကို အရည်ပုံစံဖြင့် ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။ နေ့စဉ်စားသောက်ရန်လိုအပ်သော ကာဗိုဟိုက်ဒရိတ်ပမာဏကို ပြည့်မီစေရန် ဆန်ပြုတ်၊ မြူစွမ်ပြုတ်၊ စွပ်ပြုတ်၊ ခေါက်ဆွဲ၊ အာလူး၊ စသည့် ကစီဓာတ်ကြွယ်ဝ၍ ကြေလွယ်သောအစားအစာများကို ဖြည်းဖြည်းချင်းစားပါ။ အမျှင်ဓာတ်များသောအစားအစာများကို ဝမ်းလျှောပြီးနောက် သုံးရက်၊ လေးရက်ခန့်ကြာသည်အထိ မစားသင့်ပါ။ (ကွေကာအုပ်သည် အမျှင်ဓာတ်များသောအစားအစာထဲတွင်ပါနေ၍ ရှောင်သင့်ပါသည်။) ဝမ်းသွားခြင်းရပ်တန့်သွားသော်လည်း နို့ထွက်ပစ္စည်းများဖြစ်သော နို့၊ ချိစ်၊ ဒိန်ခဲ၊ မလိုင်၊ ပူတင်းတို့ကို နောက် ၁၀ ရက်ခန့်ကြာသည်အထိ ရှောင်ကြဉ်ရန်လိုအပ်ပါသည်။ စားနေကျအတိုင်း ပုံမှန်ပြန်စားနိုင်လျှင် လေထိုးစေနိုင်သောအစားအစာများဖြစ်သည့် ပြောင်း၊ ပဲမျိုးစုံ၊ ဂေါ်ဖီထုပ်၊ ဟင်းသီးဟင်းရွက်စိမ်းများကို သတိပြုရှောင်ကြဉ်ပါ။ အူလမ်းကြောင်းကိုထိခိုက်စေနိုင်သောအစားအစာများဖြစ်သည့် ဆီနှင့်ကြော်ထားသောအစားအစာများ၊ လက်လုပ်ချဉ်များ၊ ချောကလက်၊ ကော်ဖီ၊ ကဖိန်းဓာတ်ပါသောအချိုရည်များ၊ သကြားများသောအချိုရည်များနှင့် ဆိုဒါရည်များကိုသတိထား၍ ရှောင်ရန်လိုအပ်ပါသည်။

**ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရန် အကြံပြုချက်များ**

၁။ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရန် အဓိကအရေးကြီးသောအချက်မှာ တစ်ကိုယ်ရေသန့်ရှင်းမှုသတိပြုရန်ဖြစ်ပါသည်။ လက်ကိုပုံမှန်ဆေးကြောခြင်းသည် ပထမအဆင့်အရေးကြီးဆုံးဖြစ်သည်။ အစာမစားမီနှင့်စားပြီးတွင် လက်ကိုသေချာစွာဆေးကြောပါ။ တစ်ခုခုကိုကိုင်တွယ်ပြီးတိုင်း လက်ကို ရေနှင့်ဆပ်ပြာသုံးပြီးဆေးကြောရပါမည် သို့မဟုတ် လက်သန့်စင်ဆေးရည်အသုံးပြု၍သန့်ရှင်းပါ။ လက်မဆေးဘဲ နှာခေါင်းနှင့် ပါးစပ်ကိုကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်ပါ။ အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်းဝတ်ဆင်ပါ။

၂။ သန့်စင်သောရေကိုသောက်ပါ။ ရေကိုကျိုချက်ပြီးမှ သောက်သုံးသင့်ပါသည်။ ကျန်းမာရေးကောင်းမွန်စေရန်အတွက် ရေဓာတ်ပြည့်ဝနေစေရန် ရေများများသောက်ရန် လိုအပ်ပါသည်။

၃။ အစိမ်း သို့မဟုတ် မချက်ပြုတ်ရသေးသောအစားအစာများ၊ ပင်လယ်စာများနှင့် ဟင်းသီးဟင်းရွက်အစိမ်းများသည် ဝမ်းပျက်ဝမ်းလျှောဖြစ်စေသောဗက်တီးရီးယားပိုးများ သယ်ဆောင်နိုင်သောကြောင့် စားသုံးခြင်းမှရှောင်ကြဉ်ပါ။ ကြော်ထားသောအစားအစာများနှင့် သန့်စင်ထားသောသကြားများသည် အစာအိမ်ပြဿနာဖြစ်စေနိုင်ပြီး အန္တရာယ်ရှိသောဗက်တီးရီးယားများ ရှင်သန်ကြီးထွားစေနိုင်သောကြောင့် လျှော့စားပါ။ လမ်းများတွင် လွယ်လင့်တကူဝယ်ယူစားသုံးနိုင်ရန် ရောင်းချသောအစားအစာများကို ရှောင်ကြဉ်သင့်ပါသည်။ အကြော်များ၊ အမှည့်လွန်သောသစ်သီးများ၊ လက်လုပ်ချဉ်များ၊ လှီးဖြတ်ထားသောအစားအစာများနှင့် သစ်သီးများကို စားသုံးခြင်းမှရှောင်ကြဉ်ပါ။

၄။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို သေချာစွာဆေးကြောပြီး ချက်ပြုတ်ပါ။ ဆေးကြောရန်အတွက် ရှုလကာရည်နှင့် ဆားပါဝင်သည့်ရေကို အသုံးပြုပါ။ စနစ်တကျဆေးကြောပြီး သေချာကျက်အောင် ချက်ပြုတ်ထားသောအစားအစာများကို စားဖို့လိုအပ်ပါသည်။ ချက်ပြုတ်ပြီးသောအစားအစာများကို ယင်မနားအောင် လုံခြုံစွာဖုံးအုပ်ထားပါ။ ပူပူနွေးနွေးစားပါ။

မိုးရာသီအတွင်း အစာချေဖျက်မှုအားကောင်းစေရန် မျှတသောအစားအစာကို သတိနှင့်ယှဉ်၍စားပါ။ အစားအစာကိုကြေညက်စွာဝါးစားပါ။ ရေနွေးကြမ်းသောက်ပါ။ အအေးခံထားသောအဖျော်ယမကာများကို ရှောင်ကြဉ်သင့်ပါသည်။ ချင်း၊ ဇီရာနှင့် နံနံတို့ကဲ့သို့ အစာချေဖျက်ခြင်းကို အထောက်အပံ့ပေးနိုင်သော ဟင်းခတ်အမွှေးအကြိုင်များကို အသုံးပြုနိုင်ပါသည်။ အစာချေခြင်းနှင့် ကိုယ်ခံအားမြင့်တက်စေရန် အထောက်အကူပြုနိုင်သော ဒိန်ချဉ်ကဲ့သို့ ပရိုဘိုင်အိုတစ်ပါရှိသည့်အစားအစာများကို စားသင့်ပါသည်။

ဝမ်းလျှောခြင်းသည် ကာကွယ်၍ရသောရောဂါတစ်ခုဖြစ်ပြီး သတိမထားမိလျှင် အသက်ဆုံးရှုံးနိုင်သောကြောင့် ကိုယ်တိုင်ရော မိသားစုကိုပါ ဝမ်းလျှောနိုင်သောအခြေအနေများမှကာကွယ်ပေးရန် လိုအပ်ပါသည်။ ကုသမှုမခံယူဘဲ ဝမ်းလျှောနေပါက နောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် သွေးချိုဆီးချိုရောဂါရှိသူတစ်ဦးတွင် ဝမ်းပျက်ဝမ်းလျှောခြင်း သို့မဟုတ် တခြားအစာခြေလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများရှိပါက ဆရာဝန်နှင့် ဆွေးနွေးတိုင်ပင်၍ စောစီးစွာကုသမှုခံယူသင့်ကြောင်း သတိပြုနိုင်ရန်တင်ပြအပ်ပါသည်။

နေပြည်တော်  ဇူလိုင်  ၈

## တရားမအထူးအယူခံမှု(၅)မှု စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု(၅)မှု ရုံးထိုင်ကြားနာ

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ ဖြစ်ကြသော ဦးတင်ဟုန်၊ ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၅၃/၂၀၂၃(ရန်ကုန်)၊ ၂၁/၂၀၂၄(ရန်ကုန်)၊ ၂၆/၂၀၂၄(မန္တလေး)၊ ၂၉/၂၀၂၄(မန္တလေး)နှင့် ၃၄/၂၀၂၄ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု(၅)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၂၇/၂၀၂၄ (ရန်ကုန်)၊ ၂၈/၂၀၂၄ (ရှမ်း)၊ ၃၂/၂၀၂၄ (ရှမ်း)၊ ၃၃/၂၀၂၄ (ရှမ်း)နှင့် ၃၅/၂၀၂၄ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု(၅)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ ပါတီဆက်လက်တည်ထောင်မှတ်ပုံတင်ပေးပါရန် **ကချင်အမျိုးသားကွန်ဂရက်ပါတီ [Kachin National Congress (KNC)]**၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိသောကြောင့်လည်းကောင်း၊ **ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ (Democracy and Human Rights Party)**၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိသောကြောင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေးအမှတ်စဉ်(၁၂/၂၀၂၄) ဆုံးဖြတ်ချက်အရ ယင်းပါတီများ၏ ပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေပါ ပုံစံ(ဆ)ဖြင့် ငြင်းပယ်လိုက်ကြောင်းနှင့် ပါတီဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## လက်ဆယ်ချောင်းနှင့် စောင်းအဘိဓမ္မာ

➢ လက်မ ကလည်း
လက်မ အလျှောက် ဖိမှ ထောက်မှ. . .။
➢ လက်ညှိုးဆိုလည်း
လိုရာထိခတ် မတွက်ကတ်မှ. . .။
➢ လက်ခလယ်နှင့်
သူကြွယ် လက်သန်း၊ စိတ်တစ်ဝမ်းနှင့်
ကျွမ်းသမျှတူ စွမ်းပြကူမှ. . .။
➢ လက်ဆယ်ချောင်းတို့
ပေါင်းစပ်ညင်းသွဲ့၊ ထံတျာဖွဲ့လျက်
အလှည့်ကျရာ၊ မန္တဲ့ပါမှ
မဟာဂီတ၊ စနစ်လှနှင့်
မြန်မာ့ရွှေစောင်း၊ သာဘိတောင်းဟု
ငြိမ့်ညောင်းသံစဉ်၊ တလွင်လွင်။
ခံစားနားဆင်၊ ချိုသည်တွင်။
ပြည်ထောင်စုကြီး စိတ်ရည်မြင်။ ။


**ချစ်စုအောင်**

![Ministry of Health]

## မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

- **ပြင်းထန်ဝမ်းပျက်ဝမ်းလျှော** ရောဂါသည် ဝမ်းရောဂါဖြစ်ပွားစေသောရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှတစ်ဆင့်ကူးစက်ဖြစ်ပွားစေပါသည်။
- **ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။
- **ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင်ရှိနေသော ရောဂါပိုးများသည် ယင်ကောင်မှတစ်ဆင့်လည်းကောင်း၊ မသန့်ရှင်းသောလက် စသည်တို့မှ တစ်ဆင့် လည်းကောင်း၊ အစားအစာ သောက်သုံးရေများအတွင်းသို့ရောက်ရှိခြင်း(သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း(ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊အညစ်အကြေး မြေသြဇာအသုံးပြုခြင်း)တို့မှ တစ်ဆင့် စားသောက်မိသူများအားကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။
- **ရောဂါလက္ခဏာများမှာ** အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံသော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊နလုံးခုန်နှုန်းမြန်ခြင်း၊ အရေပြား၏ကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်။
- **ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများမှာ-**
  - အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန် ၊ အညစ်အကြေးနှင့် အမှိုက်များ ကိုင်တွယ်ပြီးချိန်နှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် လက်ကိုဆပ်ပြာဖြင့်စင်ကြယ်စွာ စနစ်တကျ ဆေးကြောပါ။
  - တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
  - ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။
  - ရေကို ကျိုချက်၍သောက်သုံးပါ။
  - အစားအစာများကို ကျက်အောင်ချက်ပြီးမှစားသုံးပါ။
  - အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။
  - ခြင်၊ ယင် တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။



ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည်ဟု သံသယရှိလျှင် အချိန်မီကုသမှုမခံယူပါက လျင်မြန်စွာအသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ သတင်းပေးပို့ပြီး ထိရောက်သောကုသမှုခံယူရမည်ဖြစ်ပါသည်။

ဇူလိုင်၊ ၂၀၂၄

● **ကျောဖုံးမှအဆက်**

သင်တန်းကျောင်းများ၊ ဘော်ဒါဆောင်များတွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် အထူးအလေးပေးဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါနေရာများတွင် ကျန်းမာရေးအသိပညာပေးခြင်း၊ သောက်ရေသန့်ရှင်းရေးအတွက် ရေသန့်ဆေးပြားများ ဝေငှခြင်း၊ သုံးရေသန့်ရှင်းရေးအတွက် ကလိုရင်းဆေးခတ်ခြင်း၊ အစားအစာချက်ပြုတ်ပြင်ဆင်ရာတွင် ကျန်းမာရေးနှင့်ညီညွတ်ရေး၊ လက်ဆေးရန်နေရာများထားရှိ၍ ရေနှင့်ဆပ်ပြာအသင့်ထားရှိရေး၊ ယင်လုံအိမ်သာများ စနစ်တကျသုံးစွဲရေး စသည့်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား နီးနွယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် ဈေးများမှတစ်ဆင့်လည်း ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဈေးများတွင် ပတ်ဝန်းကျင်သန့်ရှင်းမှုအား Check List များအသုံးပြု၍ စစ်ဆေးပြီး လိုအပ်ချက်များအား အမြန်ဆုံးဖြည့်ဆည်းပြုပြင်နိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူ့ဆေးရုံကြီးများတွင်လည်း ဝမ်းပျက်ဝမ်းလျှောရောဂါလူနာများအား လိုအပ်သောဆေးကုသမှုရရှိစေရေးအတွက် စနစ်တကျဆေးကုသမှုပေးလျက်ရှိပြီး ဆေးဝါးများကိုလည်း ပံ့ပိုးပေးခြင်းနှင့် ရောဂါပိုးထိန်းချုပ်ခြင်းလုပ်ငန်းများကို အထူးအလေးပေးဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် (၈-၇-၂၀၂၄)ရက်နေ့ နံနက် (၆း၀၀) နာရီအထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ်(၆၀)ဦးရှိခဲ့ပြီး ၎င်းတို့အနက် (၆)ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါအဖြစ်များသည့် မြို့နယ်များအနက် ဒေါပုံမြို့နယ်တွင် ရောဂါကူးစက်မှုထိန်းချုပ်နိုင်ကြောင်းတွေ့ရှိရပြီး သာကေတမြို့နယ်တွင်လည်း ရောဂါကူးစက်ဖြစ်ပွားမှုစတင်လျော့ကျလျက်ရှိကြောင်းနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။


**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

နေပြည်တော်   ဇူလိုင်  ၈

# မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း၊ စားသောက်ဖွယ်ရာများပေးအပ်၊ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက မြစ်ရေပြန်လည်ကျဆင်းသွားသဖြင့် ကျန်ရှိနေသော နုန်းများ၊ သဲများနှင့် အမှိုက်များရှင်းလင်းပေးစဉ်။



တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်အတွင်း ဇူလိုင်လ ၂ ရက်နေ့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေမြင့်တက်မှုဖြစ်ပေါ်ခဲ့ပြီး တနိုင်းမြို့အတွင်းရှိ ရပ်ကွက်များအတွင်းသို့ မြစ်ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည်။ ယခုအခါ မြစ်ရေပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် တနိုင်းမြို့ ဆင်ဆာ့ကောင်းရပ်ကွက်ရှိ ဇေယျာသိရိပရိယတ္တိစာသင်တိုက်၌ ယနေ့တွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများစုပေါင်း၍ စာသင်တိုက်အတွင်းရှိ စေတီပုထိုးများ၊ ကျောင်းဆောင်များအတွင်း ကျန်ရှိနေသော နုန်းများ၊ သဲများနှင့် အမှိုက်များရှင်းလင်းခြင်း၊ ရေမြောင်းများတူးဖော်ပေးခြင်းနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး အတွင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ကာ ခန္တီးမြို့နယ်နှင့် မော်လိုက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ခန္တီးမြို့နယ်အတွင်းရှိ မြို့မရပ်ကွက်ရှိ မြသိန်းတန်စေတီ၊ ဇီးဖြူကုန်းရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ဇီးဖြူကုန်း)၊ နာဂရိုးရာကွင်း၊ နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းနှင့် မော်လိုက်မြို့နယ်၊ ကျောက်တောင်ရပ်ကွက်၊ တံတားဦးရပ်ကွက်၊ ကျောက်မြောင်းရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်တို့ရှိ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

နေပြည်တော်   ဇူလိုင်  ၈

# မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ မြစေတီစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစဉ်။


မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ မြစေတီစာသင်တိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၈၂ ပါးနှင့် ဒေသခံပြည်သူ ၁၃ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မြစေတီစာသင်တိုက် ဆရာတော်အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။(၁၀၀)

နေပြည်တော်   ဇူလိုင်  ၈

# ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဆန်၊ ဆီ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ကျောင်းသား၊ ကျောင်းသူများပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးစဉ်။

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မင်းစုရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် ဒေါတမရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း (ဒေါတမ)တို့မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဆန်၊ ဆီ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းများ၌ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ် ဆရာ၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများအတွက် ဆန်၊ ဆီများကိုလည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြရာ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက လက်ခံရယူကြသည်။

ဧင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှုများအား လိုက်လံကြည့်ရှုအားပေးပြီး ကျောင်းဝင်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

နေပြည်တော်   ဇူလိုင်  ၈

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၄၅ ဦးတွေ့ရှိ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၃၀-၆-၂၀၂၄ ရက် ည ၈ နာရီမှ ၇-၇-၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၃၆၃၅ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၅ ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၃ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

နေပြည်တော် ဇူလိုင် ၈

# ပြည်ထောင်စုအဆင့် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့ အဆင့်ဆင့်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





ပြည်ထောင်စုအဆင့် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့အဆင့်ဆင့်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် (၁/၂၀၂၄)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိပြည်တွင်းအခွန်များဦးစီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၇/၂၀၂၄ ဖြင့် ပြည်ထောင်စုအဆင့် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များနှင့် မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူ ပြုအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ ယင်းအမိန့်ကြော်ငြာစာတွင် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့အဆင့်ဆင့်၏ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို ဖော်ပြထားကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်" ဟု ပြဋ္ဌာန်းထားပြီး ယင်းဥပဒေ၏ဇယား(၁)ပါ ဥပဒေများနှင့် သက်ဆိုင်သည့်အခွန်အခများကိုပြည်ထောင်စုဝန်ကြီးဌာနများကလည်းကောင်း၊ ဇယား(၅)ပါ အခွန်အခများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်းကောင်း နိုင်ငံတော်ဘဏ္ဍာရရှိစေရေး အခွန်အကောက်များကို ကောက်ခံလျက်ရှိကြောင်း။

အခွန်ကောက်ခံမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် "အခွန်ကောက်ခံရာတွင် အခွန်နှုန်းထားကို တိုးမြှင့်ကောက်ခြင်းမရှိဘဲ ရသင့်ရထိုက်သည့် အခွန်နယ်ပယ်ကို ချဲ့ထွင်၍ ထိထိရောက်ရောက်ဆောင်ရွက်ခဲ့သည့်အတွက် အခွန်ရရှိမှုတိုးတက်လာသည်ကို တွေ့ရကြောင်း၊ အခွန်နှင့်ပတ်သက်ပြီး တာဝန်ရှိသည့် ဝန်ကြီးဌာနများအနေဖြင့်လည်း နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်အခများကို ပြည့်ပြည့်ဝဝရရှိအောင် ကောက်ခံပေးရန်လိုကြောင်း၊ အခွန်အခများကောက်ယူရာတွင် အခွန်အားတိုးမြှင့်ကောက်ခံခြင်း မပြုလုပ်ဘဲ ယခင်ရှိပြီး အခွန်နှုန်းထားများအတိုင်း ရသင့်ရထိုက်သော နယ်ပယ်အလိုက် မကျန်ရှိအောင် ကောက်ခံခြင်းများကို ပြုလုပ်ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း" လမ်းညွှန်မှုပြုထားပါကြောင်း။

ယခုဖွဲ့စည်းထားသည့် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များတွင် ပြည်ထောင်စုအဆင့်အဖွဲ့အနေဖြင့် အခွန်အပြည့်အဝရရှိစေရေးနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ သတ်မှတ်ပေးရန်၊ သက်ဆိုင်ရာဌာနအသီးသီး ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊ အခွန်ပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ပေးရန်နှင့် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များ၏ အားနည်းချက်နှင့် အားသာချက်များကို ပြန်လည်သုံးသပ်လမ်းညွှန်ပေးရန်ဟူ၍ လုပ်ငန်းတာဝန်များ သတ်မှတ်ထားကြောင်း၊ အဓိကမှာ အခွန်ရငွေတိုးတက်လာစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ဘတ်ဂျက်တွင် ရငွေပိုင်း၌ အခွန်ရငွေ၊ အစိုးရဌာနများ၏ ရငွေ၊ ပြည်တွင်း/ပြည်ပချေးငွေ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ထည့်ဝင်ငွေတို့မှ ရရှိခြင်းဖြစ်ပြီး ယင်းတို့အနက် အခွန်ရငွေမှာ အဓိကအစိတ်အပိုင်းအဖြစ်ပါဝင်နေကြောင်း။

ထို့ကြောင့် ယခုဖွဲ့စည်းထားသည့် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို ပြည်ထောင်စုဝန်ကြီးဌာနများက ပြည်ထောင်စုအတွက်ကောက်ခံရမည့် အခွန်အကောက်များကို လျော့နည်းလွတ်ကင်းမှုမရှိစေဘဲ အပြည့်အဝရရှိစေရေးအတွက် ဝိုင်းဝန်းကြပ်မတ်ထိန်းကျောင်းနိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုက ကောက်ခံသည့်အခွန်အခများကို တာဝန်ယူကောက်ခံနေသော သက်ဆိုင်ရာဝန်ကြီးဌာနများသာမက ဒေသဆိုင်ရာအစိုးရအဖွဲ့များက အနီးကပ်ကြီးကြပ်ဆောင်ရွက်ခြင်းဖြင့် အခွန်ရငွေများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအဆင့် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့က ကြီးကြပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့်လည်း မိမိတို့တာဝန်ယူကောက်ခံရသည့် ဇယား (၅)ပါ အခွန်အခများအပြင် ပြည်ထောင်စုဝန်ကြီးဌာနများက ကောက်ခံသည့် ပြည်ထောင်စု၏ အခွန်အကောက်များ ပိုမိုရရှိလာစေရေးအတွက် အခွန်ကောက်ခံသည့် ဌာနများကို ဝိုင်းဝန်းကြီးကြပ်ကူညီပေးကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်သူလူထု၏ လိုအပ်ချက်ဖြစ်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ထွန်းပေါ် ပေါက်လာစေရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘဏ္ဍာငွေများ ကျခံသုံးစွဲရာတွင် အဓိကဘဏ္ဍာရေးအရင်းအမြစ်ဖြစ်သည့် အခွန်ငွေများကို အပြည့်အဝကောက်ခံရရှိရေးအတွက် ဖွဲ့စည်းထားသည့် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ အဆင့်ဆင့်အနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း မိမိတို့ဒေသအလိုက် အခွန်ဆိုင်ရာ အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ကြရသည်ဖြစ်၍ အခွန်ကောက်ခံသည့်ဌာနများကို လိုအပ်သလို ကြီးကြပ်ကွပ်ကဲ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအဆင့် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့၊ အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်က မြန်မာနိုင်ငံ၏ အခွန်စနစ်နှင့် ပြည်ထောင်စုအဆင့်၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များ၏ ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းစဉ်များနှင့် အခွန်တိုးတက်ကောက်ခံရရှိနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များကို လည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီတို့က မိမိတို့နယ်မြေများနှင့် ဝန်ကြီးဌာနအလိုက် အခွန်တိုးတက်ကောက်ခံရရှိမှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက ကုန်စျေးနှုန်းတည်ငြိမ်ရေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆန်၊ စားသုံးဆီနှင့် စက်သုံးဆီ တင်သွင်း/တင်ပို့မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုအဆင့် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့၏ လုပ်ငန်းတာဝန်ဖြစ်သော အခွန်အပြည့်အဝကောက်ခံရရှိရေး ဆောင်ရွက်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များအား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၈

# နိုင်ငံခြားရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဇေယျဌာနီလမ်းတစ်ဖက်ရှိ လျှိုပိတ်ဆည်ဘေး မြေကွက်လပ်၌ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာအသီးသီးတွင် ကျွန်းပင်နှင့် ဆီသပြေပင် စုစုပေါင်းအပင် ၁၅၀ ကို စိုက်ပျိုးကြသည်။

ဝန်ထမ်းများ စုပေါင်း၍ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုကို ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။**

နေပြည်တော်  ဇူလိုင်  ၈

# ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



နိုင်ငံတော်၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ သစ်ပင်၊ သစ်တောများမပြုန်းတီးစေရန်၊ ရာသီဥတုကို မျှတကောင်းမွန်စေပြီး ဇီဝမျိုးစုံမျိုးကွဲများတိုးပွားစေရန်နှင့် ရေမြေတောတောင်သဘာဝကို ထိန်းသိမ်းကာကွယ်စေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့ပတ်လမ်းဘေးရှိပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းမြေနေရာ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများ၊ တပ်ဖွဲ့ဝင်များနှင့်ဝန်ထမ်းများ တက်ရောက်စိုက်ပျိုးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အထိမ်းအမှတ် သစ်ပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီးနိုလင်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများနှင့် တပ်ဖွဲ့ဝင်/ဝန်ထမ်းများက သတ်မှတ်နေရာများတွင် သစ်ပင်များကို ဆက်လက်စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ တပ်ဖွဲ့ဝင်/ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ ပိတောက်၊ စိန်ပန်း၊ ငု၊ သပြေ စသည့်အပင် စုစုပေါင်း ၁၀၀၀ ကို စနစ်တကျရွေးချယ်စိုက်ပျိုးခဲ့ပြီး တစ်နိုင်ငံလုံးအနေဖြင့် ၃၂၆၃၉ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်သည်။ ယခု ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ ပိတောက်၊ စိန်ပန်း၊ ပန်းမဲဇလီ စုစုပေါင်းအပင် ၁၀၀၀ ကိုစိုက်ပျိုးခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများ၏ ရုံးချုပ်များနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ရုံး၊ ဌာနများတွင်လည်း ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကျင်းပ၍ ရတနာတန်းဝင်အပင်များ၊ အရိပ်ရလေကာပင်များ၊ သီးပင်စားပင် စုစုပေါင်း ၃၁၃၀၅ ပင် စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွင်း စုစုပေါင်းအပင် ၆၃၉၄၄ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်  ဇူလိုင်  ၈

# ရန်ကုန်မြို့ရှိ အားကစားလေ့ကျင့်ရေးစခန်းများနှင့် အားကစားကွင်း၊ အားကစားရုံများ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေး



အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းယားကန်ရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းသို့ရောက်ရှိပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသော အနောက်တိုင်းလှေ၊ ရိုးရာလှေနှင့် ကနူး/ကယက်လှေ အားကစားသမားများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လာမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အတွေ့အကြုံကောင်းများ ရရှိစေရန်ရည်ရွယ်၍ နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများကို စေလွှတ်ယှဉ်ပြိုင်စေလျက်ရှိရာ ထိုက်သင့်သော အောင်မြင်မှုများရရှိခဲ့ကြောင်း၊ ပြိုင်ပွဲများမှ သုံးသပ်ရရှိသော အားနည်းချက်များကို ပြုပြင်လေ့ကျင့်ပြီး ရည်မှန်းချက်ဖြစ်သည့် လာမည့်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေး၊ ပြင်းပြင်းထန်ထန်ကြိုးစားလေ့ကျင့်သွားကြရန်မှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းသို့သွားရောက်ပြီး နည်းပြများ၊ အားကစားသမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သို့ရောက်ရှိပြီး တင်းနစ်လေ့ကျင့်ရေးရုံနှင့် ပြိုင်ပွဲကွင်းများ ပြင်ဆင်မွမ်းမံထားမှုကို ကြည့်ရှုစစ်ဆေးကာ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ နည်းပြများနှင့်တွေ့ဆုံ၍ တင်းနစ်အားကစားနည်းသည် ယခင်က အောင်မြင်မှုအစဉ်အလာရှိသော အားကစားနည်းဖြစ်ကြောင်း၊ မျိုးဆက်သစ်အားကစားသမားရှားပါးမှုကြောင့် ကျဆင်းခဲ့ရာမှ ယခုအခါ အထိုက်အလျောက်အောင်မြင်မှုရနေပြီဖြစ်ကြောင်း၊ အောင်မြင်မှုအရှိန်အဟုန်ဆက်လက်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားကာ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း အားကစားပြိုင်ပွဲရုံ၌ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ဒုတိယအကြိမ်မြောက် မြန်မာဘော်လီဘော လူမှုရေးအသင်း အမှုဆောင်ဖလား ဘော်လီဘောပြိုင်ပွဲကို သွားရောက်ကြည့်ရှုအားပေးသည်။

မြန်မာဘော်လီဘော လူမှုရေးအသင်းအနေဖြင့် မျိုးဆက်သစ်လူငယ်ဘော်လီဘောအားကစားသမားများပေါ်ထွက်လာစေရေးအတွက်ရည်ရွယ်၍ ၂၀၂၃ ခုနှစ်အတွင်းတွင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်နှင့် နေပြည်တော်၊ ၂၀၂၄ ခုနှစ်တွင် ရွှေတောင်နှင့် ပဲခူးမြို့တို့၌ ဘော်လီဘောပြိုင်ပွဲများကျင်းပပေးခဲ့ပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ပြိုင်ပွဲများ ဆက်လက်ကျင်းပပေးသွားမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်ခရိုင် သီဟဒီပအားကစားကွင်းသို့ရောက်ရှိပြီး ရေကူးကန်၊ ဘောလုံးကွင်း၊ အားကစားရုံဆောက်လုပ်နေမှုနှင့် ဖူဆယ်အားကစားရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ အားကစားကွင်း၊ အားကစားရုံများ ရေရှည်တည်တံ့အသုံးပြုနိုင်အောင်ထိန်းသိမ်းကြရန်၊ ပြည်သူများ စိတ်ချမ်းမြေ့စွာကစားနိုင်ရေးအတွက် သန့်ရှင်းသပ်ရပ်အောင် ဆောင်ရွက်ကြရန်၊ လူငယ်များကျန်းမာကြံ့ခိုင်စေရေး၊ အားကစားကို စိတ်ပါဝင်စားလာစေရေး၊ မျိုးဆက်သစ်အားကစားသမားများဖြစ်လာစေရေးအတွက် အားကစားသင်တန်းများ ဖွင့်လှစ်ပေးရန်၊ အားကစားကွင်းများတွင် အဆင်ပြေစွာလာရောက်ကစားနိုင်စေရေးအတွက် အားကစားနည်းအလိုက် လိုအပ်သည့်အားကစားပစ္စည်းများထားရှိပေး၍ စည်းကမ်းတကျကစားနိုင်အောင်ဆောင်ရွက်ပေးရန်၊ ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်စွာတာဝန်ထမ်းဆောင်ကြရန်၊ ကျန်းမာရေးနှင့်လုံခြုံရေးကို ဂရုပြုကြရန်မှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

## ၈-၇-၂၀၂၄  ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ချောက် | ၃၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၈ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ရမည်းသင်း | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ရေဆင်း (ဇေယျာသီရိ) | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |

# ဒို့တာဝန်အရေးသုံးပါးစောင့်ရှောက်ဖို့ ပြည်သူ့စစ်မှုထမ်းကြစို့


စိန်ငွေးလှိုင်(ပခုက္ကူ)

စာရေးသူတို့နေထိုင်ရာ နိုင်ငံကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံလို့ခေါ်ဆိုပါတယ်။ ပြည်ထောင်စုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ လူမျိုးအသီးသီးတို့မှာ သမိုင်းအစဉ်အဆက် ဥမကွဲသိုက်မပျက်နေထိုင်မှုကို ခေါ်ဆိုပါတယ်။ သမ္မတဆိုတာက နိုင်ငံတော်ရဲ့ အကြီးအကဲဖြစ်ပါတယ်။ မြန်မာအဘိဓာန်မှာ "မြန်"ဆိုသောစကားဟာ အလုပ်တစ်ခုကိုပြီးစီးအောင် ဇဝနဉာဏ်၊ တန်ဖုပ္ပတ္တိဉာဏ်တို့နဲ့ အလျင်အမြန်ကြံစည်တတ်တဲ့ သတ္တိဂုဏ်နဲ့ပြည့်စုံမှုကို ခေါ်ဆိုပါတယ်။ "မာ"ဆိုသည်မှာ မည်သည့်အရာမဆို ဆန္ဒ၊ အာအာသီသနှလုံးသွင်းတဲ့အတိုင်း ပေါက်မြောက်ဖို့ရာ လုံ့လ၊ ဝီရိယ၊ ဇာတိသွေး ဇာတိမာန်ခက်ထန်တင်းမာတဲ့ စိတ်ရင်းသတ္တိပြည့်စုံမှုကိုခေါ်ဆိုပါတယ်။ ဒါ့ကြောင့် မြန်မာဆိုသည်မှာ လျင်မြန်စွာကြံစည်တတ်ကာ ဇာတိသွေး၊ ဇာတိမာန်ရှိတဲ့လူမျိုးဖြစ်ပြီး နိုင်ငံအတွင်း မှီတင်းနေထိုင်တဲ့ တိုင်းရင်းသားအားလုံးကို ခေါ်ခြင်းဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၅ မှာ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်** လို့ ဖော်ပြထားပါတယ်။ ပုဒ်မ ၃၈၆ မှာ **နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်**လို့ ဖော်ပြထားပါတယ်။ စစ်မှုထမ်းတာဝန်ဆိုတာကလည်း ကာကွယ်ရေးတာဝန်ပဲဖြစ်ပါတယ်။ ဒါ့ပြင် အခန်း(၇) ပုဒ်မ ၃၃၇ မှာ **"တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်"** လို့ ပြဋ္ဌာန်းထားပါတယ်။ မြန်မာ့တပ်မတော်ကို နိုင်ငံတော်အတွင်း တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)နဲ့တပ်မတော်(လေ)ဆိုတဲ့ တပ်ဖွဲ့ကြီး သုံးခုနဲ့တရားဝင်ဖွဲ့စည်းထားပါတယ်။ တပ်မတော်ရဲ့အဓိကတာဝန်မှာ ကာကွယ်ရေးတာဝန်ဖြစ်ပါတယ်။ ဒါ့ပြင် လူမျိုး၊ နယ်ပယ်၊ အစိုးရ၊ အချုပ်အခြာအာဏာ၊ နိုင်ငံတကာအသိအမှတ်ပြုမှုဆိုတဲ့ခက်မကြီး ၅ ဖြာကို ထိပါးလာတဲ့ အန္တရာယ်ဟူသမျှကို ကာကွယ်စောင့်ရှောက်လျက်ရှိပါတယ်။



စာရေးသူတို့နိုင်ငံရဲ့ အတိတ်သမိုင်းမှာ တိုင်းပြည်ရဲ့အချုပ်အခြာအာဏာဆုံးရှုံးရမယ့်အခြေအနေကိုရောက်ရှိတိုင်း တပ်မတော်က ကာကွယ်စောင့်ရှောက်ခဲ့ရပါတယ်။ လွတ်လပ်ရေးရရှိပြီးစကာလမှာ ရောင်စုံသူပုန်သောင်းကျန်းမှုများပေါ်ပေါက်ခဲ့ပါတယ်။ အာဏာရဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖဆပလ) အစိုးရရဲ့တောင်းဆိုချက်အရ တပ်မတော်ဟာ ၁၉၅၈ ခုနှစ်မှာ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးကို လွှဲပြောင်းရယူခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်မှာ ပါတီတွင်းအုပ်စုဖွဲ့မှုနဲ့ ပြည်တွင်းသောင်းကျန်းမှု ပေါ်ပေါက်လာပြန်ရာ တော်လှန်ရေးကောင်စီကိုဖွဲ့စည်းပြီး နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးကိုတာဝန်ယူဆောင်ရွက်ခဲ့ရပါတယ်။ ၁၉၈၈ ခုနှစ်မှာ ပြည်တွင်း၊ ပြည်ပအဖျက်သမားများက နိုင်ငံတော်ပြိုကွဲအောင်လုပ်ဆောင်ခဲ့လို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကိုဖွဲ့စည်းပြီး နိုင်ငံတော်ရဲ့အာဏာကို မလွှဲမရှောင်သာ ထိန်းသိမ်းခဲ့ရပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၀ ပြည့်နှစ်မှစတင်ပြီး ပြည်သူများရဲ့ဆန္ဒအရ ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ပါတယ်။ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းခဲ့ကြသည်မှာ ၁၀ စုနှစ်တစ်ခုထိ ကြာမြင့်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်မှာတော့ မဲမသမာမှုများနဲ့ နိုင်ငံတော်အာဏာကိုရယူဖို့လုပ်ဆောင်ခဲ့တာကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းပြီး နိုင်ငံ့တာဝန်ကို ယူခဲ့ရပြန်ပါတယ်။ နိုင်ငံရေးနည်းနဲ့မရတဲ့အခါ အကြမ်းဖက်တဲ့နည်းနဲ့ နိုင်ငံတော်အာဏာကိုရယူဖို့ ကြိုးစားလာကြပါတယ်။



မြန်မာနိုင်ငံရဲ့လက်ရှိကာလတွေ့ကြုံနေရတဲ့ ပြည်တွင်းရေးမငြိမ်သက်မှုနဲ့ စစ်ပွဲတွေဖြစ်ပေါ်နေရခြင်းမှာ ပြည်ပနိုင်ငံအချို့ရဲ့ သွေးထိုးနှောင့်ယှက်မှုများပါဝင်ပတ်သက်လျက်ရှိပါတယ်။ ပြည်ပရောက်အဖွဲ့အစည်းများဖြစ်သည့် CRPH နဲ့ NUG တို့ဟာ နိုင်ငံတော်အုပ်ချုပ်မှုယန္တရားရပ်တန့်အောင် လုပ်ဆောင်နေကြပါတယ်။ PDF များကို မွေးထုတ်ကာ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လာကြပါတယ်။ အများပြည်သူသွားလာတဲ့ကားလမ်းမပေါ်မှာ မိုင်းထောင်တာ၊ ပညာရေးဝန်ထမ်းများကို လုပ်ကြံတာ၊ ဘုရားကျောင်းကန်များကို ဖျက်ဆီးတာနဲ့ ရဟန်းများကိုသတ်ဖြတ်တာ စတဲ့စက်ဆုပ်ရွံရှာဖွယ်လုပ်ရပ်များကို ပြုမူလာကြပါတယ်။ ပြည်သူတို့မှာလည်း အေးချမ်းစွာနေထိုင်လိုကြပါတယ်။ အကြမ်းဖက်မှုများ ပပျောက်ဖို့နဲ့ နိုင်ငံတော်ကာကွယ်ရေးမှာ ပြည်သူတို့ဟာ တပ်မတော်နဲ့ပူးပေါင်းဆောင်ရွက်ရပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ကာကွယ်ရေးစွမ်းအားစုများ ကောင်းမွန်နေဖို့ရာ အလွန်အရေးကြီးပါတယ်။ ကာကွယ်ရေးစွမ်းအားစုများကို မြန်မာ့တပ်မတော်မှ ဦးဆောင်လျက်ရှိပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက "ပြည်သူ့စစ်မှုထမ်းဥပဒေ" ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ စတင်အာဏာတည်စေရမည်ဖြစ်ကြောင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ယနေ့ကာလမှာ ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းပြီး တပ်မတော်အနေနဲ့ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်လေ့ကျင့်လျက်ရှိရာမှာ ယခုဆိုလျှင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃)အထိ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)တွေဟာဆိုရင် သင်တန်းဆင်းပြီး မြန်မာနိုင်ငံအနှံ့ရှိ တပ်ရင်း၊ တပ်ဖွဲ့၊ ဌာနချုပ်တွေမှာ တာဝန်ထမ်းဆောင်နေကြပြီဖြစ်ပါတယ်။


တပ်မတော်ရဲ့ ကောင်းမွန်တဲ့အစဉ်အလာတွေကို လက်ဆင့်ကမ်းသယ်ဆောင်နေကြပါပြီ။ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက်ဆိုတဲ့ မျိုးချစ်စိတ်ဓာတ်မှာလည်း ကိန်းအောင်းသွားကြပါပြီ။ လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုတဲ့ ဆောင်ပုဒ်အတိုင်း မိခင်ကျောင်းတော်ကြီးက သင်ကြားပေးလိုက်တဲ့ ခေတ်မီစစ်အတတ်ပညာများကိုလည်း တတ်မြောက်ကြပြီး လက်တွေ့နယ်ပယ်မှာ အသုံးချကြရမှာဖြစ်ပါတယ်။ တပ်မတော်အစဉ်အလာ(၁၂)ရပ်ကိုစောင့်ထိန်းပြီး မြင့်မြတ်တဲ့ဂုဏ်ဒြပ်နဲ့ပြည့်စုံတဲ့တပ်မတော်သားသူရဲကောင်းများဖြစ်လာကြကာ တိုင်းပြည်ကအားကိုးအားထားပြုရတဲ့ စစ်သည်တော်ကောင်းများဖြစ်လာမှာကတော့ ဧကန်မလွဲဖြစ်ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် ပြည်သူ့စစ်မှုထမ်းများမွေးထုတ်ပေးခြင်းမှာ ပြည်သူအားလုံးပါဝင်တဲ့စနစ်ကို ဖော်ဆောင်နေခြင်းဖြစ်ပါတယ်။ လက်ရှိနိုင်ငံ့အခြေအနေကြောင့်မဟုတ်ဘဲ အနာဂတ်ဒီမိုကရေစီစနစ်ကိုလက်တွေ့အကောင်အထည်ဖော်ဆောင်မယ့်အစိုးရများအတွက် ချမှတ်ပေးတဲ့ ရေရှည်စီမံကိန်းတစ်ခုဖြစ်ပါတယ်။ ပထဝီနိုင်ငံရေးနဲ့ ကမ္ဘာ့အခြေအနေ အကြောင်းအရာများကြောင့်လည်း ပြဋ္ဌာန်းရခြင်းဖြစ်ပါတယ်။ စစ်မှုထမ်းဆောင်ခြင်းနဲ့ ကာကွယ်ရေးအင်အားတိုးတက်ရေးတို့အတွက်သာမကဘဲ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကိုလည်း ကာကွယ်စောင့်ရှောက်ရာကို ရောက်ရှိကြောင်းရေးသားလိုက်ရပါတယ်။ ။

**ပြည်သူ့စစ်မှုထမ်းများမွေးထုတ်ပေးခြင်းမှာ ပြည်သူအားလုံးပါဝင်တဲ့စနစ်ကို ဖော်ဆောင်နေခြင်းဖြစ်ပါတယ်။ လက်ရှိနိုင်ငံ့အခြေအနေကြောင့်မဟုတ်ဘဲ အနာဂတ် ဒီမိုကရေစီစနစ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်မယ့် အစိုးရများအတွက် ချမှတ်ပေးတဲ့ ရေရှည်စီမံကိန်းတစ်ခုဖြစ်ပါတယ်။ ပထဝီနိုင်ငံရေးနဲ့ ကမ္ဘာ့အခြေအနေ အကြောင်းအရာများကြောင့်လည်း ပြဋ္ဌာန်းရခြင်းဖြစ်ပါတယ်။ စစ်မှုထမ်းဆောင်ခြင်းနဲ့ ကာကွယ်ရေးအင်အားတိုးတက်ရေးတို့အတွက်သာမကဘဲ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကိုလည်း ကာကွယ်စောင့်ရှောက်ရာကို ရောက်ရှိကြောင်း . . .**

နေပြည်တော် ဇူလိုင် ၈

# ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ



ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမြေနေရာ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့်ငါးမျိုးစိုက်ထည့်ပွဲကို တတိယအကြိမ် စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် နွေရာသီတွင် မြန်မာနိုင်ငံ၌ အယ်နီညိုဖြစ်စဉ်နှင့် ကြုံတွေ့ခဲ့ရပြီး အစွန်းရောက်ရာသီဥတုဖြစ်စဉ်များ ဖြစ်ပွားခဲ့သဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းရှိ မြို့များသည် ကမ္ဘာ့အပူဆုံးမြို့များစာရင်းတွင် ထိပ်တန်းမှ ပါဝင်လာခဲ့ကြောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတည်ရှိသည့် နေပြည်တော် တပ်ကုန်းမြို့နယ်သည်လည်း ပူပြင်းခြောက်သွေ့သောဒေသတွင် ပါဝင်သဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ သစ်ပင်စိုက်ပျိုးပွဲများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားပိုင် မြေနေရာတွင် သုံးနှစ်ဆက်တိုက် ရွေးချယ်သတ်မှတ်ပြီး စီစဉ်ကျင်းပခြင်းဖြစ်ပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ရှိပြီးသစ်ပင်များကို ထိန်းသိမ်းမှုအပြင် နှစ်စဉ် သစ်ပင်စိုက်ပျိုးမှုများပြုလုပ်လာခြင်းကြောင့် ယခုအခါ တောအုပ်တစ်ခုအတွင်းသို့ ရောက်ရှိလာသကဲ့သို့ စတင်မြင်တွေ့လာရပြီဖြစ်ပါကြောင်း။

သစ်ပင်သစ်တောများကို ပြုစုပျိုးထောင်ထိန်းသိမ်းလာနိုင်မှုနှင့်အညီ စိမ်းလန်းစိုပြည်လာပြီး ရာသီဥတုမှန်ကန်လာမှုကိုလည်း မျက်မြင်တွေ့မြင်သိရှိကြပြီးဖြစ်ပါကြောင်း၊ သစ်ပင်သစ်တောများ၏ အကျိုးကျေးဇူးနှင့် တန်ဖိုးကိုသိရှိနားလည်ပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်၊ သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင်ကောင်းမွန်စေရေး အထောက်အကူပြုနိုင်ရန်၊ ဂေဟစနစ်ကို ထိန်းသိမ်းနိုင်စေရန် ရည်ရွယ်ချက်များနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင်ဦးဆောင်ပြီး နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ယခုနှစ် မိုးရာသီတွင် နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် တစ်နိုင်ငံလုံးတွင် သစ်ပင်ပေါင်း ၂၂ သန်း စိုက်ပျိုးတည်ထောင်နိုင်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း။

“ ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု ” ဆိုသည့် ဆောင်ပုဒ်အတိုင်း ရာသီဥတုပြောင်းလဲမှုလျော့ချနိုင်ရန်အတွက် သစ်တောများ၏ အရေးပါမှုကို သိရှိနားလည်ပြီး စိုက်ပျိုးခဲ့ကြသည့်သစ်ပင်များ အားလုံးရှင်သန်စေရန်အတွက် စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးကြရန်နှင့် ရှိပြီးဖြစ်သော သဘာဝတောကျန်သစ်ပင်များကိုလည်း အားလုံးဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြန်ကြားရေးဝန်ကြီးဌာနရှိဌာနဆိုင်ရာများအလိုက် စိုက်ပျိုးမည့်ပျိုးပင်များကို ခွဲဝေပေးအပ်ရာ ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က လက်ခံရယူကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအတွက် ပျိုးပင်များကို သစ်တောဦးစီးဌာန နေပြည်တော် ဥတ္တရခရိုင်ဦးစီးမှူး ဦးကျော်ကျော်အောင်က လွှဲပြောင်းပေးအပ်ရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လက်ခံရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မဟော်ဂနီပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များက သစ်ပင်/ ပျိုးပင်များကို ဆက်လက်၍ စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် ငါးမျိုးစိုက်ထည့်ပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ငါးကန်တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ငါးမျိုးများကို ဦးစွာစိုက်ထည့်ပေးပြီး ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုများက ငါးမျိုးများကို ဆက်လက်စိုက်ထည့်ပေးကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ဆိတ်ကောင်ရေ ၂၃၆ ကောင်နှင့် ဘဲကောင်ရေ ၅၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်ရေး ထိရောက်အောင် စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်/ ပျိုးပင်ပေါင်း ၁၆၀၀ စိုက်ပျိုးခဲ့ကြောင်း၊ ဒုတိယအကြိမ်တွင် သစ်ပင်/ပျိုးပင်ပေါင်း ၁၄၀၀ နှင့် စိန်တစ်လုံးသရက်ပျိုးပင် ၆၂၅ ပင် စုစုပေါင်း သစ်ပင်ပျိုးပင်ပေါင်း ၂၀၂၅ ပင် စိုက်ပျိုးမှုနှင့်အတူ ထိုင်းငါးခုံးမ ငါးသားပေါက်ကောင်ရေ ၅၀၀၀ ကိုလည်း ငါးမျိုးစိုက်ထည့်နိုင်ခဲ့ကြောင်း၊ ယနေ့ကျင်းပသည့် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်/ပျိုးပင်ပေါင်း ၁၅၀၀ နှင့် စိန်တစ်လုံးသရက်ပင် ၅၀၀ စုစုပေါင်း သစ်ပင်/ပျိုးပင်ပေါင်း ၂၀၀၀ စိုက်ပျိုးခဲ့ပြီး ငါးမျိုးစိုက်ထည့်ပွဲတွင် ထိုင်းငါးခုံးမ ငါးသားပေါက်ကောင်ရေ ၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ Virtual Studio တွင် တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC) မှ ကချင်တိုင်းရင်းသား၊ တိုင်းရင်းသူဝန်ထမ်းနှစ်ဦး၏ “ ကချင်မြေကိုလာပါ ”၊ ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူဝန်ထမ်းနှစ်ဦး၏ “ချင်းတောင်တန်းမှ ကြိုဆိုပါ၏ ” နှင့် ရှမ်းတိုင်းရင်းသား၊ တိုင်းရင်းသူဝန်ထမ်းနှစ်ဦး၏ “ လမ်းမုန်းရိုးရာပွဲ ” တေးသရုပ်ဖော်ရိုက်ကူးမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားစားရိပ်သာတွင် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာသုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ အစည်းအဝေးခန်းမတွင် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သောပစ္စည်းများ တင်ဒါတင်သွင်းရန် အောင်မြင်ခဲ့ကြသည့်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အရည်အသွေးမှန်ကန်ကောင်းမွန်သည့် ပစ္စည်းအမျိုးအစားကို သတ်မှတ်ချိန်အရောက် အချိန်မီတင်သွင်းနိုင်ရေး အလေးထားဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Auditorium ခန်းမ၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများက “ အားလုံးချစ်သည် MRTV ”၊ “ သီချင်းများပေါင်းစပ်ဟာသတစ်ခန်းရပ်” တေးသရုပ်ဖော်နှင့် “ MRTV နှင့် ကောင်းသောနေ့” တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်မှုကိုလည်းကောင်း၊ “ ချစ်စရာ့အရွယ် ကစားကြမယ် ” ကလေးများအစီအစဉ် ရိုက်ကူးထုတ်လွှင့်နိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုနှင့် စမ်းသပ်ရိုက်ကူးမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲဝင် မူကြိုကလေးငယ်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၈

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲပြုလုပ်



**တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် တံခွန်စိုက်ဒိုင်းဆုရရှိသောအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။**

၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အားကစားသမားများ၏ ဗိုလ်လုပွဲပွဲစဉ်အကြိတ်အနယ်ယှဉ်ပြိုင်ထိုးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသောအသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆုနှင့် ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါလက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၈ သင်းဖြင့် ဇူလိုင်လ ၃ ရက်နေ့မှ ယနေ့အထိပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

| ♫♫ သဇင်(FM) အသံလွှင့် အစီအစဉ် ♫♫ ၉-၇-၂၀၂၄(အင်္ဂါနေ့) | | |
|---|---|---|
| ၁။ | ၀၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၀၉း၀၀ | အယ်ဒီတာ့အာဘော် |
| ၃။ | ၁၁း၅၀ | လှပကျန်းမာ |
| ၄။ | ၁၅း၃၀ | Opposite Song |
| ၅။ | ၁၇း၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၆။ | ၁၈း၂၀ | Online Request Song |

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆° C | / | ၃၃.၇° C |
| ရန်ကုန် | ၂၄° C | / | ၃၁.၃° C |
| မန္တလေး | ၂၈° C | / | ၃၇.၀° C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

❖ စာမျက်နှာ ၁၇ မှအဆက်

နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျော့ကျခြင်းတို့ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများတည်ထောင်ခြင်းနှင့် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရန်အတွက် ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် မိုးရာသီတွင်လည်း ပြည်သူများပူးပေါင်းဆောင်ရွက်မှုဖြင့် အစိမ်းရောင်လှုပ်ရှားမှုအဖြစ် သစ်ပင် ၂၂ သန်း တည်ထောင်စိုက်ပျိုးလျက်ရှိကြောင်း။

၁၉၇၂ ခုနှစ် စတော့ဟုမ်းလူ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြေညာချက်၊ ၁၉၉၂ ခုနှစ် သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Rio ကြေညာချက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်-၂၁၊ ၁၉၉၂ ခုနှစ် ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း၊ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း၊ ၂၀၁၅ ပါရီသဘောတူညီချက်စသည့် နိုင်ငံတကာသဘောတူညီချက်များတွင် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် ပါရီသဘာတူစာချုပ်ပါ ရည်မှန်းချက်အောင်မြင်ရေးအတွက် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာလုပ်ငန်းအစီအစဉ် (Nationally Determined Contributions-NDCs) အစီရင်ခံစာ၌ ကဏ္ဍအလိုက် ကာဗွန်ထုတ်လွှတ်မှုလျော့ချရေး ရည်မှန်းချက်များချမှတ်ရာတွင် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ၊ လေ၊ ရေအခြေပြုသည့် ပြန်ပြည့်မြဲစွမ်းအင်မှ လျှပ်စစ်ထုတ်လုပ်မှုတိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ကာဗွန်လျော့ချခြင်းလုပ်ငန်းများဖြစ်သည့် သန့်ရှင်းသောဖွံ့ဖြိုးမှုလုပ်ငန်းစဉ်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များ၊ ကာဗွန်ခရက်ဒစ်ပူးပေါင်းလုပ်ငန်းစဉ်များတွင် စွန့်ပစ်အမှိုက်ကလျှပ်စစ်ထုတ်သည့်လုပ်ငန်း၊ စွမ်းအားမြင့်မီးဖိုဖြန့်ဝေခြင်းလုပ်ငန်း၊ ဒီရေတောစိုက်ခင်းတည်ထောင်ခြင်းနှင့် ထိန်းသိမ်းခြင်း စသည့်အစိမ်းရောင်ဖွံ့ဖြိုးမှုလုပ်ငန်းစီမံကိန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟန်ချက်ညီညီဖြင့် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိမ်းရောင်စီးပွားရေးကို အထောက်အကူပြုနိုင်ရန်အတွက် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ဆောင်ရွက်နိုင်ရေးအားပေးခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် စောင့်ကြည့်လေ့လာဆန်းစစ်ခြင်းလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ခြင်း၊ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် ကာဗွန်ထုတ်လွှတ်မှုနည်းသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ ဆောင်ရွက်ရာတွင် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်ရေးကို ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။




တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကော်မရှင်ဥက္ကဋ္ဌ Mrs. Shen Yueyue က အမှာစကားပြောကြားစဉ်။

- ယနေ့ကမ္ဘာပေါ်တွင် မူလကရှိပြီး သဘာဝပတ်ဝန်းကျင်အလှတရားနှင့်ဂေဟစနစ်များကို ထိန်းသိမ်းရာတွင်ဖြစ်စေ၊ ထုတ်ယူသုံးစွဲဖျက်ဆီးရာတွင်ဖြစ်စေ ဆောင်ရွက်သူများသည် လူသားများပင်ဖြစ်. . .
- ယနေ့တက်ရောက်လာကြသည့် SCO အဖွဲ့ဝင်နိုင်ငံများအားလုံး၊ ဆွေးနွေးဖက်နှင့် လေ့လာကြသူနိုင်ငံများအားလုံးက ကမ္ဘာပေါ်တွင်ရှိသည့် အခြားသောနိုင်ငံများအားလုံး၏ စံနမူနာပြအဖြစ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ပိုမိုတိုးတက်ကောင်းမွန်ပြီး ရေရှည်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားများနှင့်သဘာဝပတ်ဝန်းကျင် လက်တွဲညီညီ ဆောင်ရွက်ကြရန် လိုအပ်လာပြီဖြစ်. . .

ယနေ့ကမ္ဘာပေါ်တွင် မူလကရှိပြီး သဘာဝပတ်ဝန်းကျင် အလှတရားနှင့် ဂေဟစနစ်များကို ထိန်းသိမ်းရာတွင်ဖြစ်စေ၊ ထုတ်ယူသုံးစွဲဖျက်ဆီးရာတွင်ဖြစ်စေ ဆောင်ရွက်သူများသည် လူသားများပင်ဖြစ်ကြပါကြောင်း၊ ထို့ကြောင့် ယနေ့တက်ရောက်လာကြသည့် SCO အဖွဲ့ဝင်နိုင်ငံများအားလုံး၊ ဆွေးနွေးဖက်နှင့် လေ့လာကြသူနိုင်ငံများအားလုံးက ကမ္ဘာပေါ်တွင်ရှိသည့် အခြားသောနိုင်ငံများအားလုံး၏ စံနမူနာပြအဖြစ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ပိုမိုတိုးတက်ကောင်းမွန်ပြီး ရေရှည်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားများနှင့် သဘာဝပတ်ဝန်းကျင် လက်တွဲညီညီဆောင်ရွက်ကြရန် လိုအပ်လာပြီဖြစ်ကြောင်း။

သို့ဖြစ်၍ အဖွဲ့ဝင်နိုင်ငံများအကြားတွင် အစိမ်းရောင်ဖွံ့ဖြိုးမှုဆိုင်ရာ နည်းပညာများမြှင့်တင်ရေးနှင့် ဖြန့်ဝေရေး၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ရန်ပုံငွေစဉ်ဆက်မပြတ်ရရှိစေရေး၊ ပညာရေးနှင့် သုတေသနဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရန် အကြံပြုပြောကြားလိုကြောင်း။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများအနေဖြင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုအပေါ် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုရန်တိုက်တွန်းလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ်မှစတင်၍ SCO ဆွေးနွေးဖက်နိုင်ငံအဖြစ် ပါဝင်ခွင့်ရသည့်အတွက် ဂုဏ်ယူပါကြောင်းနှင့် အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံမှုများကို ပိုမိုခိုင်မြဲစေရန် ဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ပါကြောင်း၊ မိမိတို့၏ စုပေါင်းအင်အားများ၊ သယံဇာတများနှင့် ကျွမ်းကျင်ပညာရှင်များ၏ ပေါင်းစည်းမှုအင်အားဖြင့် စိမ်းလန်းသောဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် စဉ်ဆက်မပြတ်တည်တံ့ခိုင်မြဲသည့် အနာဂတ်ကို အတူတကွဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း။

ယနေ့မိမိတို့၏ ဆောင်ရွက်ချက်များသည် အနာဂတ်မျိုးဆက်သစ်များအတွက် အရည်အသွေးပြည့်မီသည့် အနာဂတ်ကို အဆုံးအဖြတ်ပေးနိုင်သည်ကို မှတ်သားထားကြရမည်ဖြစ်ကြောင်း၊ လူသားနှင့်သဘာဝအကြား ဟန်ချက်ညီမှုရှိရန်ဆိုသည် မဖြစ်နိုင်သည့် အတွေးအမြင်တစ်ခုမဟုတ်ဘဲ လူသားများ၏ရှင်သန်မှုနှင့် ကြွယ်ဝချမ်းသာမှုအတွက် လိုအပ်ချက်တစ်ခုပင်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် ဖိုရမ်ဖြစ်မြောက်ရေးအတွက် အခမ်းအနားစီစဉ်သူများနှင့် တက်ရောက်လာသူအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်းနှင့် မိမိတို့အနေဖြင့် တူညီသောရည်မှန်းချက်များနှင့် ဖြေရှင်းမှုများအတွက် မဆုတ်မနစ်ဘဲ အတူတကွ ဆက်လက်ဆောင်ရွက်ရန်တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒေသတွင်း စိမ်းလန်းသောဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်ဆက်ဆံရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော အနာဂတ်ကို အတူတကွမြှင့်တင်သွားရေး ဦးဆောင်ဦးရွက်ပြုမှုစီမံချက်ကို ထုတ်ပြန်ကြေညာသည်။

ယင်းနောက် ဆွေးနွေးပွဲများကို သတ်မှတ်ခေါင်းစဉ်အလိုက် ကျင်းပရာ ဆွေးနွေးဖက်နိုင်ငံများနှင့် လေ့လာသူနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ပညာရှင်များ တက်ရောက်ပြီး နိုင်ငံအလိုက် ဆောင်ရွက်နေမှုများကို ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးတို့ တက်ရောက်ဆွေးနွေးကြသည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းကို ၂၀၀၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ကာဇက်စတန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ကာဂျီစတန်နိုင်ငံ၊ ရုရှားနိုင်ငံ၊ တာဂျစ်ကစ္စတန်နိုင်ငံနှင့် ဥဇဘက်ကစ္စတန်နိုင်ငံ စုစုပေါင်း(၆) နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၀၂ ခုနှစ် ဇွန်လတွင် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပခဲ့သော SCO အဖွဲ့ဝင် နိုင်ငံအကြီးအကဲများအစည်းအဝေးတွင် SCO ပဋိညာဉ်စာတမ်းကို လက်မှတ်ရေးထိုး၍ ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၁၉ ရက်တွင် စတင်အသက်ဝင်ခဲ့သည်။

SCO အဖွဲ့ကြီး၏ အဓိကရည်မှန်းချက်များသည် အဖွဲ့ဝင်နိုင်ငံများအကြား အိမ်နီးချင်းကောင်းစိတ်ဓာတ်နှင့် အပြန်အလှန်ယုံကြည်မှုပိုမိုခိုင်မာစေရေး၊ နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သုတေသန၊ နည်းပညာနှင့် ယဉ်ကျေးမှုတို့အပြင် ပညာရေး၊ စွမ်းအင်၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အခြားသောကဏ္ဍများတွင် ထိရောက်သောပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရေး၊ ဒေသတွင်း လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးတို့ကို ထိန်းသိမ်းကာကွယ်ရန်အတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီစနစ်ကို အခြေခံသည့် တရားမျှတသော နိုင်ငံတကာနိုင်ငံရေးနှင့် စီးပွားရေးအခင်းအကျင်းတိုးမြှင့်ရေး၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး မူဝါဒအရ SCO သည် မတူညီသည့် ယဉ်ကျေးမှုဓလေ့ကို အလေးထားရန်နှင့် ဘုံဖွံ့ဖြိုးတိုးတက်ရေးဆန္ဒရှိမှုတို့အတွက် အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်အကျိုးဖြစ်ထွန်းမှု၊ တန်းတူညီမျှမှု၊ အပြန်အလှန်ညှိနှိုင်းမှု စသည့် စည်းမျဉ်းစည်းကမ်းတို့ကို အခြေခံသည့် အဖွဲ့အစည်းတွင်းဆိုင်ရာ မူဝါဒကိုလိုက်နာကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံ့ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❖ ရှေ့ဖုံးမှအဆက်

Qingdao International Conference Center ရှိ Shanghe ခန်းမသို့ရောက်ရှိပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံ့ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ် အထိမ်းအမှတ်အဖြစ် နိုင်ငံအလိုက် ခင်းကျင်းပြသထားသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ နိုင်ငံ့ခေါင်းဆောင်များ ပြပွဲအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် Qingdao International Conference Center ရှိ Shanghe ခန်းမ၌ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်အထိမ်းအမှတ်အဖြစ် နိုင်ငံအလိုက် ခင်းကျင်းပြသထားသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ နိုင်ငံ့ခေါင်းဆောင်များပြပွဲအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကာဇက်စတန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ကာဂျီစတန်နိုင်ငံ၊ ရုရှားနိုင်ငံ၊ တာဂျစ်ကစ္စတန်နိုင်ငံနှင့် ဥဇဘက်ကစ္စတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် အီရန်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ လေ့လာသူနိုင်ငံများဖြစ်သည့် အာဖဂန်နစ္စတန်နိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် သီရိလင်္ကာနိုင်ငံ၊ တူရကီယဲနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အဇာဘိုင်ဂျန်နိုင်ငံ၊ နီပေါနိုင်ငံ၊ အာမေးနီးယားနိုင်ငံ၊ အီဂျစ်နိုင်ငံ၊ ကာတာနိုင်ငံ၊ ဆော်ဒီအာရေဗျနိုင်ငံ၊ ကူဝိတ်နိုင်ငံ၊ မော်လ်ဒိုက်နိုင်ငံ၊ ယူအေအီးနိုင်ငံနှင့် ဘာရိန်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကော်မရှင်ဥက္ကဋ္ဌ Mrs. Shen Yueyue၊ အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံ့ကိုယ်စားလှယ်များက အမှာစကားပြောကြားကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက မိန့်ခွန်းပြောကြားရာတွင် ယခုကျင်းပသည့်ဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်ပေးပို့သည့်ဝမ်းမြောက်ကြောင်း သဝဏ်လွှာကိုလက်ခံရရှိသည့်အတွက် မိမိအနေဖြင့်များစွာဂုဏ်ယူပါကြောင်း၊ ယင်းသဝဏ်လွှာကိုအခြေခံ၍ ယခုဖိုရမ်တွင် ဆွေးနွေးမှုများကိုဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ဦးစွာပြောကြားသည်။

ဆက်လက်၍ ပြောကြားရာတွင် ယခုဖိုရမ်၏ခေါင်းစဉ်သည် အလွန်အဓိပ္ပာယ်ပြည့်ဝပြီး မိမိတို့ကို သဘာဝတရားနှင့်ဟန်ချက်ညီစွာနေထိုင်ရန် လိုအပ်နေပြီဆိုသည်ကို နှိုးဆော်ထားခြင်းဖြစ်ကြောင်း၊ အဓိကအကြောင်းရင်းမှာ ရေ၊ လေ၊ မြေ၊ ဇီဝအဝန်းအဝိုင်းများနှင့် ဖွဲ့စည်းထားသည့် ကမ္ဘာမြေစနစ်နှင့် လူသားများသည် အပြန်အလှန်ဆက်နွယ်မှုရှိနေသည့်အတွက် လူသားများကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိစေရေးကာကွယ်ထိန်းသိမ်းပေးရမည်ကို မိမိတို့ အလေးထားဂရုပြုကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒီဖိုရမ်တွင် ဂေဟစနစ်ပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းကာကွယ်ရေး၊ စွမ်းအင်အသွင်ကူးပြောင်းရေးအတွက် တီထွင်ဆန်းသစ်ရေး၊ အစိမ်းရောင်ဖွံ့ဖြိုးမှုအတွက် လူနေမှုစနစ်အသွင်ကူးပြောင်းရေး၊ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာများကို ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများမှကိုယ်စားလှယ်များနှင့် ပညာရှင်များက ဆွေးနွေးမည်ဖြစ်သည့်အတွက် ယနေ့ကျင်းပသည့်ဖိုရမ်သည် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည့် အခွင့်အလမ်းပလက်ဖောင်းတစ်ခုဖြစ်ကြောင်း။

ကမ္ဘာနှင့်အဝန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်ရာတွင် အစိမ်းရောင်ဖွံ့ဖြိုးမှုစံချိန်စံညွှန်းများသည် လွန်စွာအရေးပါကြောင်း၊ နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့မှ ထုတ်ပြန်ထားသည့်ပတ်ဝန်းကျင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက်စဉ်။

- နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့မှထုတ်ပြန်ထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်များ၏ စံချိန်စံညွှန်းသတ်မှတ်ချက်များသည် နိုင်ငံများအတွက် ထိရောက်သည့်အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု တည်ထောင်နိုင်ရန်အတွက် အခြေခံအုတ်မြစ်အဖြစ် အထောက်အကူပြု. . .
- မြန်မာနိုင်ငံတွင်လည်း သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တိုးတက်ကောင်းမွန်ပြီး ရေရှည်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိမ်းရောင်ဖွံ့ဖြိုးရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရာတွင် သဘာဝအခြေခံဖြေရှင်းနည်းလမ်းများဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိ. . .
- မြန်မာနိုင်ငံ၏အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုမြင့်တင်နိုင်ရန် အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင်ကို လက်ရှိမူဝါဒများနှင့် မဟာဗျူဟာများဖြစ်သည့် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်၊ မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်နှင့် မြန်မာနိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုစီမံချက်များအပေါ်အခြေခံပြီး ကဏ္ဍအလိုက် ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆက်စပ်ပတ်သက်သူများ၊ နိုင်ငံတကာပညာရှင်များနှင့်ဆွေးနွေးပြီး ပြုစုရေးဆွဲထားပြီးဖြစ်. . .
- မြန်မာနိုင်ငံတွင် ပို့ဆောင်ရေးကဏ္ဍ၌ ရုပ်ကြွင်းလောင်စာသုံးယာဉ်များ အသုံးပြုမှုလျှော့ချနိုင်ရေးအတွက် နိုင်ငံအတွင်းလျှပ်စစ်သုံးယာဉ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လျှပ်စစ်သုံးယာဉ်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို ပြဋ္ဌာန်းပြီးဖြစ်. . .
- အများပြည်သူအကြား သဘာဝ၏တန်ဖိုးကို ပိုမိုနားလည်လာစေရန်ရည်ရွယ်ပြီး မြန်မာ့သဘာဝထိန်းသိမ်းရေးနယ်မြေများကို UNESCO အသိအမှတ်ပြုလူသားနှင့် ဇီဝအဝန်းနယ်မြေများအဖြစ် အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ကို UNESCO ၏ စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်နိုင်ခဲ့. . .

စီမံခန့်ခွဲမှုစနစ်များ၏ စံချိန်စံညွှန်းသတ်မှတ်ချက်များသည် နိုင်ငံများအတွက် ထိရောက်သည့်အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုတည်ထောင်နိုင်ရန်အတွက် အခြေခံအုတ်မြစ်အဖြစ် အထောက်အကူပြုပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံတွင်လည်း သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တိုးတက်ကောင်းမွန်ပြီး ရေရှည်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိမ်းရောင်ဖွံ့ဖြိုးရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရာတွင် သဘာဝအခြေခံဖြေရှင်းနည်းလမ်းများဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိသည်ကို ပြောလိုကြောင်း။

အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်ရန်ရည်ရွယ်၍ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်ကဏ္ဍစုံမှ ဆက်စပ်ပတ်သက်သူများ၊ အာဆီယံနှင့် နိုင်ငံတကာပညာရှင်များဖြင့် "အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်" (Green Economy and Green Growth Forum)ကို ၂၀၁၁ ခုနှစ်မှစ၍ (၆) ကြိမ်ထိ ကျင်းပနိုင်ခဲ့သည့်အတွက် ဆွေးနွေးပွဲရလဒ်များသည် မြန်မာနိုင်ငံ အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင် အစပျိုးချမှတ်နိုင်ရေးအတွက် များစွာအထောက်အကူဖြစ်ခဲ့ကြောင်း။

မြန်မာနိုင်ငံ၏အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်နိုင်ရန် အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင်ကို လက်ရှိမူဝါဒများနှင့် မဟာဗျူဟာများဖြစ်သည့် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်၊ မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်နှင့် မြန်မာနိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုစီမံချက်များအပေါ်အခြေခံပြီး ကဏ္ဍအလိုက် ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆက်စပ်ပတ်သက်သူများ၊ နိုင်ငံတကာပညာရှင်များနှင့်ဆွေးနွေးပြီး ပြုစုရေးဆွဲထားပြီးဖြစ်ကြောင်း။

အဆိုပါမူဝါဒမူဘောင်၏ ရေရှည်မျှော်မှန်းချက်သည် "သဘာဝသယံဇာတများကို ထိရောက်စွာအသုံးချသည့် ကာဗွန်ထုတ်လုပ်မှုနည်းပါးသည့် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တာဝန်ယူမှုရှိသောရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန်"ဖြစ်ကြောင်း၊ ယင်းမူဘောင်တွင် အစိမ်းရောင်ဖွံ့ဖြိုးမှုဆိုင်ရာအခြေခံမူ(၄)ရပ်၊ ရည်ရွယ်ချက်(၄)ရပ် ချမှတ်ထားပြီး ဦးစားပေးကဏ္ဍ(၁၁)ရပ်တွင် အစိမ်းရောင်စီးပွားရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ပို့ဆောင်ရေးကဏ္ဍ၌ ရုပ်ကြွင်းလောင်စာသုံးယာဉ်များ အသုံးပြုမှုလျှော့ချနိုင်ရေးအတွက် နိုင်ငံအတွင်းလျှပ်စစ်သုံးယာဉ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လျှပ်စစ်သုံးယာဉ် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ ယခုအခါ မူဝါဒပါမျှော်မှန်းချက် (Vision)နှင့် ရည်မှန်းချက်(Mission) များနှင့်အညီ Electric Vehicle Development Action Plan ရေးဆွဲပြီး လုပ်ငန်းစဉ်များ၊ လမ်းညွှန်ချက်များချမှတ်၍ လျှပ်စစ်သုံးယာဉ်တင်သွင်းခြင်း၊ ထုတ်လုပ်အသုံးပြုခြင်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ရှည်လျားသည့် ကမ်းရိုးတန်းဒေသနှင့် ကျယ်ပြန့်သည့် အဏ္ဏဝါတို့ကိုပိုင်ဆိုင်ထားသော ပတ်ဝန်းကျင်အခြေခံကောင်းများရှိသည့်အတွက်အဏ္ဏဝါနှင့် ကမ်းရိုးတန်းအခြေပြုသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့စွာထုတ်ယူသုံးစွဲနိုင်ရန် အပြာရောင်စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ရရှိစေရေး အဓိကအခွင့်အလမ်းတစ်ခုအနေဖြင့် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်ခြင်းအစီအစဉ်ကိုပြဋ္ဌာန်းပြီး ကဏ္ဍအလိုက် ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တစ်ဖက်က ရေရှည်တည်တံ့စွာထုတ်ယူမှုစီမံထားသကဲ့သို့ တစ်ဖက်တွင်လည်း ရေအောက်အဖိုးတန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းထားမှုနှင့် အတူ မြန်မာ့ပင်လယ်ပြင်၏တောင်ပိုင်းတစ်လျှောက်ရေပေါ်ရေအောက် လှည့်လည်ကြည့်ရှုလေ့လာနိုင်ရေးကိုလည်း အစိမ်းရောင်ခရီးသွားမြှင့်တင်ရေးကဏ္ဍအဖြစ် စီမံဆောင်ရွက်ထားကြောင်းနှင့် လာရောက်လေ့လာနိုင်ပါကြောင်း။

ထို့ပြင် သစ်တောနှင့်အခြားမြေအသုံးချမှုကဏ္ဍသည် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းကာကွယ်ရေး၊ လူနေမှုစနစ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းရေရှည်တည်ငြိမ်ရေးအတွက် များစွာအရေးပါကြောင်း၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုများဆောင်ရွက်သည့်အခါ မြေအသုံးချမှုကို စနစ်တကျစီမံဆောင်ရွက်ရန် အလွန်အရေးကြီးကြောင်း။

သစ်တောပြုန်းတီးမှုလျှော့ချပြီး ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးတို့ကို အထောက်အကူပြုရန်အတွက် သဘာဝထိန်းသိမ်းရေးနယ်မြေကို နိုင်ငံဧရိယာ၏ (၁၀) ရာခိုင်နှုန်းအထိ၊ သစ်တောကြိုးဝိုင်းဧရိယာများကိုလည်း နိုင်ငံဧရိယာ၏ (၃၀) ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ အာဆီယံအမွေအနှစ်ဥယျာဉ် (၈) ခု၊ ရမ်ဆာရေဝပ်ဒေသ (၇)ခု၊ လူသားနှင့်ဇီဝအဝန်းနယ်မြေ (၂)ခုအပါအဝင် သဘာဝထိန်းသိမ်းရေးနယ်မြေ (၅၉)ခု၊ အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်းကွန်ရက်နယ်မြေ (၈)ခုနှင့် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်းစခန်း(၂၂)ခုတို့ကို သတ်မှတ်နိုင်ခဲ့ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

အများပြည်သူအကြား သဘာဝ၏တန်ဖိုးကို ပိုမိုနားလည်လာစေရန် ရည်ရွယ်ပြီး မြန်မာ့သဘာဝထိန်းသိမ်းရေးနယ်မြေများကို UNESCO အသိအမှတ်ပြု လူသားနှင့်ဇီဝအဝန်းနယ်မြေများအဖြစ် အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ကို UNESCO ၏ စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်နိုင်ခဲ့ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ခြင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် ဇီဝမျိုးစုံမျိုးကွဲများအတွက်

**စာမျက်နှာ ၁၅ သို့** ❖

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW July 8

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win delivers speech at Green Development Forum of SCO Countries






Vice-Senior General Soe Win delivers an address at the Green Development Forum of Shanghai Cooperation Organization Countries.

Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win delivered an address at the Green Development Forum of Shanghai Cooperation Organization Countries at Qingdao International Conference Center in Qingdao of Shandong Province of China at 9.30 am Local Standard Time today.

The Vice-Senior General arrived at Shanghe Hall of Qingdao International Conference Center and posed for documentary photos together with State delegates from member countries, observer countries and dialogue partner countries from SCO Countries.

The Myanmar delegation led by Vice-Senior General visited the exhibition to mark the forum.

The Vice-Senior General and party attended the opening ceremony of the forum at Shanghe Hall of Qingdao International Conference Center together with delegates, experts and officials from Kazakhstan, China, Kyrgyzstan, Russia, Tajikistan, Uzbekistan, India, Pakistan and Iran, observers from Afghanistan, Belarus and Mongolia, dialogue partners from Sri Lanka, Türkiye, Cambodia, Azerbaijan, Nepal, Armenia, Egypt, Qatar, Saudi Arabia, Kuwait, Maldives, UAE and Bahrain.

At the opening ceremony, Mrs. Shen Yueyue, Vice Chairwoman of the National Committee of the Chinese People's Political Consultative Conference and President of Good-Neighbourliness, Friendship and Cooperation Commission of the Shanghai Cooperation Organization, State delegates from SCO member countries, observer countries and dialogue partner countries delivered speeches.

Speaking on the occasion, the Vice-Senior General expressed his pride of accepting the congratulatory message sent by President of the People's Republic of China Mr Xi Jinping to the forum. Discussions can be based on the message at the forum.

He continued that this forum title is very meaningful, calling for needs to live in harmony with nature. As the earth and human formed with biospheres are interrelated, everybody needs to take care of protecting the loss and damage in natural environment caused by human. So, as representatives and experts from SCO countries will hold discussions on ecosystem changes and biodiversity protection, innovation for energy transformation, transformation of living system, and anti-climate change at the forum, today's forum is a platform to enhance regional cooperation.




Vice-Senior General Soe Win and other attendees visit the commemorative exhibition.

Greening development indexes are of great importance in encouraging sustainable development worldwide. The standards and norms of environmental management systems issued by the International Standard Authority are sound foundations for establishment of effective green development for many countries.

Myanmar is prioritizing promotion of investment for green development in order to improve natural environment and ecosystem and ensure long term development of socio-economy through nature-based ways.

To promote green economic development, the "Green Economy and Green Growth Forum" has been held six times since 2011, involving ministries, organizations, related stakeholders, ASEAN, and international experts. The outcomes of these discussions have greatly contributed to the establishment of Myanmar's Green Economy Policy Framework.

To enhance Myanmar's green development, the Green Economy Policy Framework is based on current policies and strategies, such as the National Environmental Policy, Myanmar's Climate Change Policy,

See Page - 19 ●●

●● From Page - 18

Strategies and Master Plans, the National Waste Management Strategy and Master Plan, and Myanmar's Sustainable Development Plan. It has been developed through discussions with representatives from various ministries, non-governmental organizations, related stakeholders, and international experts.

The long-term vision of the policy framework is to "increase responsible investments in green economic development with low carbon emissions, effectively utilizing natural resources." The framework sets out four fundamental principles of green development, four objectives, and eleven priority sectors in which to enhance green economic investments.

To reduce the use of fossil fuel vehicles in Myanmar's transportation sector and promote the development of electric vehicles within the country, an Electric Vehicle Development Policy has been established. Currently, in alignment with the vision and mission stated in the policy, an Electric Vehicle Development Action Plan has been drafted. This plan includes the formulation of procedures and guidelines to systematically implement the importation, production, and utilization of electric vehicles.

Myanmar, with its long coastline and extensive ocean areas, possesses strong environmental foundations that allow for the sustainable extraction and use of marine and coastal natural resources. Developing the blue economy sector presents a significant opportunity to achieve continuous sustainable development. Therefore, an Integrated Coastal Zone Management Program has been established and is being implemented across various sectors. This ensures sustainable extraction while also preserving the valuable underwater environment. Additionally, eco-tourism initiatives have been developed to promote both underwater and surface exploration along the southern coast of Myanmar, inviting visitors to explore these areas.

Furthermore, the forest and land use sectors are crucial for combating climate change, conserving biodiversity, and ensuring the long-term stability of livelihoods and socio-economic systems. Implementing green development practices in these sectors highlights the importance of systematic land use management.

To reduce deforestation and combat climate change, efforts are underway to designate 10 percent of the country's area as protected areas and to increase forest coverage to 30 percent of the national territory. Currently, Myanmar has established eight ASEAN Heritage Parks, seven Ramsar Wetlands, two UNESCO Biosphere Reserves, 59 protected areas, eight East Asia-Australia Flyway Network sites, and 22 elephant conservation-based tourism camps, thus promoting nature-based tourism.



Vice-Senior General Soe Win attends the Green Development Forum of Shanghai Cooperation Organization Countries.

To enhance public understanding of the value of nature, Myanmar's protected areas, such as Indawgyi Lake Wildlife Sanctuary and Inle Lake Wildlife Sanctuary, have been recognized as UNESCO Biosphere Reserves in accordance with UNESCO standards.

Additionally, reforestation efforts are underway in Myanmar, including restoring habitats for biodiversity within protected areas, reducing carbon emissions from deforestation and forest degradation, and rehabilitating forests to improve their quality.

Similarly, with the cooperation of the local people, the establishment of community-owned forest plantations and the establishment of private forest plantations to promote the private sector are also being carried out. In this rainy season, 22 million plants are being cultivated as a green movement with the cooperation of the people.

We are cooperating with international and regional countries in international agreements such as 1972 Stockholm Declaration on Human Environment, 1992 Rio Declaration on Environment and Development, Environment Conservation and Development Plan-21, 1992 United Nations Convention on Biological Diversity, United Nations Framework Convention on Climate Change and the 2015 Paris Agreement.

In order to achieve the goals of the 2015 Paris Agreement and in setting carbon emission reduction targets by sector, Myanmar is being implemented to increase electricity production from solar, wind and water-based renewable energy at the Nationally Determined Contributions-NDCs report for the development of the energy sector.

Green development projects for carbon reduction activities such as clean development processes, continuous development processes, the business of generating electricity from waste in the joint process of carbon credit, power stove distribution project and establishing and maintaining mangrove plantations are being implemented in cooperation with international organizations.

In doing so, the increase of public-private cooperation and cooperation with regional countries will be emphasized for encouraging the increase of green investments in order to support the green economy for long-term sustainable development with balanced economy, social and environmental protection, effectively carrying out environmental impact assessment and monitoring activities, and increasing low-carbon investment activities to combat climate change.

In today's world, those involved in preserving, exploitation and destruction of environmental beauty and ecosystems are human beings. Therefore, all the SCO member countries and all the partner countries attending today that discussed and studied to improve the environment and ecological systems in the form of public activities as a model for all other countries in the world and worked together for the long-term socio-economic development of humans and the environment.

Therefore, I would like to suggest that the promotion and dissemination of green development technologies, capacity building for human development, ensuring continuous funding and increase cooperation in the region in the areas of education and research development among member countries.

We would like to urge Shanghai Cooperation Organization member countries and partner countries to reaffirm their commitment to green development. Myanmar is proud to participate as a SCO dialogue partner country since 2023 and hopes to further strengthen the cooperation and partnership of the member countries. With their collective forces and the combined power of resources and expertise together, we can bring green development and a sustainable future for generations to come.

We must remember that our actions today can determine a quality future for future generations. A balance between humans and nature is not an impossible idea, but a necessity for human survival and prosperity. The Vice-Senior General expressed his special thanks to the event organizers and all the participants for holding the forum today, and urged them to work together relentlessly for the same goals and solutions.

After that, the regional green development partnership and the leadership plan to promote a sustainable future together were announced.

Then, discussions were held under designated topics and representatives and experts from dialogue partner countries and observer countries took part in discussions about tasks being carried out by respective countries.

Deputy Minister for Natural Resources and Environmental Conservation U Min Thu and Deputy Director General Dr San Oo of the Environmental Conservation Department, who accompanied the Vice-Senior General participated in the discussions.

The Shanghai Cooperation Organization was founded in Shanghai in the People's Republic of China by six countries including Kazakhstan, China, Kyrgyzstan, Russia, Tajikistan and Uzbekistan on 15 June 2001. The SCO Charter was signed at the SCO summit in St Petersburg in Russia in June 2002 and the charter came into effect on 19 September, 2003.

The main goals of the SCO are strengthening mutual confidence and good neighbourly relations among the member countries, promoting effective cooperation in politics, trade and economy, science and technology, culture as well as education, energy, transportation, tourism, environmental protection and other fields, making joint efforts to maintain and ensure peace, security and stability in the region and moving towards the establishment of new, democratic just and rational political and economic international order. In accordance with Shanghai cooperation policy , the SCO pursues its internal policy based on the principles of mutual trust, mutual benefit, equal rights, consultations, respect for the diversity of culture and aspiration towards common development.

100

NAY PYI TAW July 8

# A local killed and ten others including four children wounded in heavy weapon attack launched by KNPP/KNDF and PDF terrorists on Loikaw





Photo shows a person wounded in KNPP/KNDF and PDF terrorists attack.



Medical staff providing medical treatment to a child wounded in KNPP/KNDF and PDF terrorists attack.



A child suffers severe wounds in KNPP/KNDF and PDF terrorists attack.



A wounded child receives medical treatment at a hospital.

A combined group of KNPP/KNDF and PDF terrorists fired heavy weapons at Loikaw, Kayah State, on 4 July.

On 4 July evening, combined group of KNPP/KNDF and PDF terrorists launched heavy weapon fire at technological University, Myakalat Hill, Thiridaw junction, and many other places in Loikaw, Kayah State. Heavy weapon shells landed at Lawdhamma ward, Nant Bawwon (A) ward, Ywadanshe ward, and Kyauktaung ward and killed on local resident. Other 10 locals including four children were also wounded in the attack.

Those who were hit by heavy weapon fire were rushed to local military hospital for medical treatment.

In fact, KNPP/KNDF and PDF terrorists launched heavy weapon attacks on residential areas including wards and villages in Loikaw, Kayah State, with the intention of frightening the locals who were earning a living peacefully and destroying the government administrative machinery. Security forces will continue their counter-terrorism operations with local cooperation for peace, stability and rule of law on Loikaw region.

**100**

WATER RESOURCE

# DWIR plans to clear coarse woody debris in Ayeyawady River during the period of high water

The DWIR planned to clear coarse woody debris in the areas where it is difficult for ships to travel during the period of high water in the Ayeyawady River, according to U Ye Tun Lin Aung, Assistant Director of Directorate of Water Resources and Improvement of River Systems (DWIR) for Region-5, Mandalay Region.

As this is the current high water period in the Ayeyawady River, it is the time of high water in the upper parts of the river, such as Bhamo, Katha, Shwegu and Htigyaing and due to the erosion of the old trees near the shore, the big trees are broken and destroyed. So cargo ships and passenger ships from Mandalay port need to be careful.

"Recently, there have not been any landslides, and there have been no large-scale drifts of wood. If there are landslides and drifts and it becomes difficult to navigate, we will carry out operations to clear the debris," he continued.

**SK**

AGRICULTURE

# Avocado farms to seek Global GAP for producing fruits

Avocado farms are being improved to have Global GAP certificate so as to produce export quality, said joint general secretary of Myanmar Avocado Growers and Exporters Association U Myo Nyunt.

As foreign countries give offer to Myanmar for purchase of avocado fruits yearly, local growers are trying to seek Global GAP certificate for their products. They aim to export their fruits to the global countries with theGlobal GAP system.

"Local growers in Tauggyi of southern Shan State grow avocado plants under the Global GAP system. More than 40 farms have received the Global GAP certificates for their farms on more than 400 acres of land. This year, we will try to seek the certificate. After the monsoon, we will go right down to the farms. It is being led by Shan Avocado Co Ltd," said the joint general secretary.

All growers need to seek the Global GAP certificates for their fruits. Hence, the association cooperates with relevant organizations for providing certificates to local growers. If so, the avocado farms can produce the fruits in line with the Global GAP certificates.

**SMK**

AGRICULTURE

# Wetlet Township farmers cultivate 10,220 acres of summer paddy

A total of 10,220 acres of paddy were planted in Wetlet Township, Shwebo District, Sagaing Region in this summer crop planting season, according to statistics from the Department of Agriculture for Wetlet Township.

During the 2023-2024 summer crop planting season, 28,000 acres of summer paddy were planned to be planted in Wetlet Township, and since February of this year, 10,220 acres have been planted.

"The department is providing education to the farmers about the agricultural technology, prevention of pest infestation, prevention of crop damage and the timely arrival of rice under the shelter," said Daw Kyin San, head of the Department of Agriculture for Wetlet Township.

During the 2022-2023 summer crop planting season, 3,700 acres of summer paddy were earmarked for planting in Wetlet Township, and from February to April, 2023, 7,751 acres were planted, according to statistics from the Department of Agriculture for Wetlet Township.

**SMK**

NAY PYI TAW July 8

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win visits Qingdao



Vice-Senior General Soe Win visits the China Transfer (SCO) International Logistic Port Project.

Myanmar delegation led by Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, which was in Qingdao, People's Republic of China, visited Pearl of SCO International Expo Center and China Transfer (SCO) International Logistic Port Project at 3pm local standard time today in Qingdao.

On arrival at Pearl of SCO International Expo Center, the delegation led by the Vice-Senior General was welcomed by officials of the center.

The delegation led by the Vice-Senior General looked around the center. A member of the Work Committee of the Chinese Communist Party of SCO Development Zone and officials explained points of the center, investments and business operations carried out through market-centered systems, and support for cultural, economic and trade exhibitions of SCO member countries. The Vice-Senior General held detailed discussions about the issues.

The project of Pearl of SCO International Expo Center, a remarkable feature of the SCO demonstration zone, started on 30 September 2022. The 168,800-square-metre building has a multifunctional system. Its investment programs and business operations are based on a market-centered system, and its functions include activities such as organizing conferences, education and studies, tours and visits, expos and sales, cultural exchanges, businesses services, and providing support for cultural, economic and trade exhibitions of every SCO country. In addition, it is also carrying out multi-sector bilateral economic and trade exchanges such as SCO industries and supply chain forum, and SCO international investment programs and trade expos.

The delegation led by the Vice-Senior General visited China Transfer (SCO) International Logistic Port Project, which represents SCO's success. The deputy director of general affairs of SCO development zone administrative body reported on investments of the project, service oriented export and import business, establishment of a comprehensive service headquarters to carry out the service corridor through online and offline system.

The Vice-Senior General asked for more information and observed the SCO countries' exports that were displayed there.

The China Transfer (SCO) International Logistic Port Project has a total investment of 10 billion yuan, and the measurement of the compound is 1343 acres and that of buildings is 989,000 square metres. Its seven main supply and transport operations include information sharing centre, tourists and freight transportation centre, motor vehicle resources centre, warehouse and distribution centre, vehicle services centre, truck exhibition centre, and business service centre.

100



Vice-Senior General Soe Win visits the Pearl of SCO International Expo Center.



Vice-Senior General Soe Win visits the Pearl of SCO International Expo Center.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

နေပြည်တော်  ဇူလိုင်  ၈

# မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi အား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi နှင့်အတူ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး(UNOCHA)၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Sajjad Mohammad Sajid တို့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော်  ဇူလိုင်  ၈

# တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အွန်လိုင်းဖြင့်တွေ့ဆုံ



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများကို နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ အွန်လိုင်းဖြင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ပညာရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်းများဖွင့်လှစ်ခဲ့သည့် တစ်လကျော်ကာလအတွင်း စာသင်ခန်းများတွင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားသင်ယူနေကြပြီဖြစ်ကြောင်း၊ အခြေခံပညာကျောင်းသား၊ ကျောင်းသူ ၇ ဒသမ ၄ သန်းခန့် အေးချမ်းစွာ ပညာသင်ယူနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးခဲ့ကြသည့် ဆရာ၊ ဆရာမများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့ဝန်းကျင်တွင်ရှိသည့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်ရှိရေး၊ KG+9 အခြေခံပညာအလယ်တန်းအဆင့် ပညာသင်ယူပြီးမြောက်ရေးအတွက်လည်း ဆက်လက်၍ ဝိုင်းဝန်းလက်တွဲကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် မိဘမဲ့ကလေးများ၊ ပရဟိတကျောင်းများမှ ကလေးများ၊ ယာယီနေရပ်စွန့်ခွာကလေးများ ကျောင်းသို့ရောက်ရှိလာသည့်အခါ စိတ်ဓာတ်ခွန်အားပေး၍ နွေးနွေးထွေးထွေးဖေးမကူညီစောင့်ရှောက်ပေးကြစေလိုကြောင်း၊ ဆရာ၊ ဆရာမဟူသည် ကျောင်းသား၊ ကျောင်းသူများ၏ပဲ့ကိုင်ရှင်များဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူများ တိုင်းချစ်ပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိစေရန်၊ မိမိယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းစောင့်ရှောက်စေရန်၊ မိဘ၊ ဆရာနှင့်အသက်ကြီးသူများအပေါ် ဂါရဝတရားရှိစေရန် ဆုံးမပဲ့ပြင်ပေးကြစေလိုကြောင်း၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဟူသောဆောင်ပုဒ်သည် ပညာရေးဝန်ကြီးဌာန တစ်ခုလုံးအတွက် ကိုယ်စားပြုပါကြောင်း၊ ဆရာ၊ ဆရာမများကိုယ်တိုင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ အရည်အသွေးများတိုးတက်မြင့်မားအောင် ကြိုးစားအားထုတ်၍ မိမိတို့သင်ကြားလိုက်သည့် တပည့်ကျောင်းသား၊ ကျောင်းသူများကို စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ အရည်အသွေးများ တိုးတက်မြင့်မားသူများဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါကြောင်း။

လူငယ်များ၏ ကောင်းသောအသိကို မြှင့်တင်ကာ ပညာသတိ၊ ယဉ်ကျေးလိမ္မာအသိရှိအောင် သင်ပြလေ့ကျင့်ပေးကြစေလိုကြောင်း၊ တက္ကသိုလ်များ၊ ကျောင်းများ၏ ဥပစာရပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး၊ ချုံပုတ်များကင်းစင်ရေးအတွက် အလေးထားဆောင်ရွက်ရန်နှင့် မိုးတွင်းကာလဖြစ်၍ စာသင်ဆောင်၊ ကျောင်းဆောင်များနှင့်မလွတ်ကင်းသည့် သစ်ပင်ကြီးများရှိပါက မလွတ်ကင်းသည့်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်း၍ အလင်းဖွင့်ပေးရန်လိုကြောင်း၊ ပညာရေးဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အစိုးရ၏မူဝါဒများ၊ လက်ရှိဆောင်ရွက်နေသည့် ပညာရေးမူဝါဒများ၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့် မိမိ၏ လုပ်ငန်းတာဝန်များကို သိရှိနားလည်ရန်လိုအပ်ပြီး ပါတီနိုင်ငံရေးကင်းရှင်း၍ နိုင်ငံအတွက် သစ္စာရှိရှိဖြင့် တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူတိုင်း ပညာသင်ယူမှုအခွင့်အလမ်း အပြည့်အဝရရှိစေရေး အလေးထား ဆောင်ရွက်ပေးကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ကျောင်းနေအရွယ်ကျောင်းသားအားလုံး ကျောင်းစာသင်ခန်းအတွင်း ရောက်ရှိရေးအတွက် အရည်အသွေးရှိသော သင်ကြားနည်းစနစ်များနှင့်သင်ယူမှုဝန်းကျင်ကောင်းတို့ဖြင့် ဆွဲဆောင်စည်းရုံးပေးကြရန် မှာကြားပြီး ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ဆရာ၊ ဆရာမများ အထက်အောက်အပြန်အလှန် လေးစားတန်ဖိုးထား၍ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန်၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က သက်ဆိုင်ရာဦးစီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ပညာရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိသည်။


**(သတင်းစဉ်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“လက်နက်ကိုင်သောင်းကျန်းသူများနှင့်မူးယစ်ဆေး”** ခေါင်းစဉ်ဖြင့် ၁၀-၇-၂၀၂၄ ရက်မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **“ပြည်သူချင်းသတ်ဖြတ်ခဲ့လို့ တိုင်းပြည်ဒုက္ခရောက်ခဲ့ရတဲ့ အတိတ်ကာလကို သင်ခန်းစာမယူနိုင်သေးသောအကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့်အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ်-၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပေကျင်း၊ နိုင်ငံရေး

# ချက်ချင်းအပစ်အခတ်ရပ်စဲရေးနှင့် ပဋိပက္ခကိုနိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေးတို့က ယူကရိန်းပဋိပက္ခအတွက်မရှိမဖြစ်လိုအပ်



ချက်ချင်းအပစ်အခတ် ရပ်စဲရေးနှင့် ပဋိပက္ခကိုနိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေးတို့က လက်ရှိဖြစ်ပွားနေသော ယူကရိန်း ပဋိပက္ခအတွက် မရှိမဖြစ်လိုအပ်သည့် အရာများဖြစ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ဇူလိုင်လ ၈ ရက်တွင်ပြောသည်။

ထို့ပြင် ယူကရိန်းအရေးတွင် တင်းမာမှုများဆက်လက်မမြင့်တက်လာစေရေးသည်လည်းအရေးကြီးကြောင်း ရှီကျင့်ဖျင်က ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘန်နှင့် တွေ့ဆုံစဉ်ပြောသည်။

အလားတူ တရုတ်နိုင်ငံသည် ယူကရိန်း ပဋိပက္ခကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့်ဆွေးနွေး အဖြေရှာမှုအပေါ် အားပေးကြောင်း၊ ပဋိပက္ခကိုငြိမ်းချမ်းစွာဖြေရှင်းနိုင်မည့်လုပ်ဆောင်ချက်အားလုံးကို ထောက်ခံကြောင်း ရှီကျင့်ဖျင်က ဆက်ပြောသည်။

၎င်းအပြင် ရုရှားနှင့်ယူကရိန်းနိုင်ငံတို့ကြား တိုက်ရိုက်ဆွေးနွေးမှုပြန်လည်စတင်နိုင်ရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းက အခြေအနေများကိုဖန်တီးကာ အဆင်ပြေချောမွေ့အောင် ကူညီပေးသင့်ကြောင်း ရှီကျင့်ဖျင်ကအလေးပေးပြောသည်။

တစ်ချိန်တည်းမှာပင် ဟန်ဂေရီနိုင်ငံသည် ငြိမ်းချမ်းရေးကိုလိုလားသည့် ဘက်တွင်သာ အမြဲတမ်းနေထိုင်သွားမည်ဖြစ်ကာ စစ်ပွဲကိုထောက်ပံ့ပေးသူများနှင့် ဆက်ဆံသွားမည်မဟုတ်ကြောင်း၊ ဟန်ဂေရီပြည်သူများသည် ငြိမ်းချမ်းရေး၊ သဟဇာတဖြစ်ရေးနှင့် သာတူညီမျှရှိရေးတို့ကိုသာ လိုလားတောင့်တကြောင်း ဟန်ဂေရီဝန်ကြီးချုပ်ဗစ်တာအော်ဘန်က ပြောသည်။

ထို့အတူ ဥရောပသမဂ္ဂ၌ ဟန်ဂေရီနိုင်ငံက ဥက္ကဋ္ဌအဖြစ်တာဝန်ယူစဉ်ကာလအတွင်း ဥရောပသမဂ္ဂနှင့် တရုတ်နိုင်ငံတို့ကြား ဆက်ဆံရေးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဗစ်တာအော်ဘန်ကပြောသည်ဟု သိရသည်။

*Ref: Sputnik*

မော်စကို၊ ဆက်ဆံရေး

# နှစ်နိုင်ငံကြားခိုင်မာသောဆက်ဆံရေးက ပြည်သူများအတွက်အကျိုးရှိစေမည်ဟု မိုဒီပြော




အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့ကြား ခိုင်မာသောဆက်ဆံရေးက နှစ်နိုင်ငံပြည်သူများအတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း ရုရှားနိုင်ငံသို့ရောက်ရှိနေသည့် အိန္ဒိယဝန်ကြီးချုပ်နာရန်ဒရာမိုဒီက ဇူလိုင်လ ၈ ရက်တွင်ပြောသည်။

မိုဒီသည် (၂၂)ကြိမ်မြောက် ရုရှား-အိန္ဒိယ နှစ်ပတ်လည်ထိပ်သီးညီလာခံသို့ တက်၍ ရုရှားသမ္မတဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးရန် ဇူလိုင်လ ၈ ရက်မှ ၉ ရက်အထိ ရုရှားနိုင်ငံသို့ရောက်ရှိလာခြင်းဖြစ်သည်။

"ရုရှားနိုင်ငံကိုရောက်ပါပြီ။ နှစ်နိုင်ငံကြားမှာ အထူးသဖြင့် ရှေ့ပြေးပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များမှာ အထူးဖြစ်တဲ့ မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး ပိုမိုနက်ရှိုင်းစေဖို့အတွက် လုပ်ဆောင်သွားပါမယ်။ နှစ်နိုင်ငံကြားခိုင်မာတဲ့ ဆက်ဆံရေးက နှစ်နိုင်ငံပြည်သူများအတွက် များစွာအကျိုးရှိစေမှာပါ"ဟု မိုဒီက လူမှုကွန်ရက်တွင်ရေးထားသည်။

ယခုခရီးစဉ်သည် မိုဒီကတတိယအဆက်ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ပထမဆုံးအကြိမ်လာရောက်သည့် ပြည်ပခရီးစဉ်ဖြစ်သည်။

မိုဒီအနေဖြင့် ရုရှားနိုင်ငံသို့နောက်ဆုံးရောက်ရှိခဲ့သည့်အချိန်က ၂၀၁၉ ခုနှစ်တွင်ဖြစ်သည်။ မိုဒီက အိန္ဒိယနိုင်ငံတွင် ဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ပြီးကတည်းက ရုရှားသမ္မတဗလာဒီမာပူတင်နှင့် ၁၆ ကြိမ်တိုင်တိုင် တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်းသိရသည်။

*Ref: Sputnik*

ပဲရစ်၊ နိုင်ငံရေး

# ပြင်သစ်လွှတ်တော်ရွေးကောက်ပွဲတွင် လက်ဝဲစွန်းရောက်မဟာမိတ်အဖွဲ့အနိုင်ရ

ပြင်သစ်နိုင်ငံ၌ကျင်းပခဲ့သော ဒုတိယအကျော့လွှတ်တော်ရွေးကောက်ပွဲတွင် လက်ဝဲစွန်းရောက်မဟာမိတ်အဖွဲ့က အနိုင်ရရှိကြောင်းသိရသည်။

လက်ဝဲစွန်းရောက်ပါတီများ ပူးပေါင်းထားသည့် New Popular Front -NFP ပါတီသည် အမျိုးသားလွှတ်တော်၌ အမတ်နေရာ ၁၇၅ နေရာမှ ၂၀၅ နေရာအထိ ရရှိနိုင်သည်ဟု သုတေသနကုမ္ပဏီတစ်ခုဖြစ်သော အီလာဘဲကထုတ်ပြန်ထားသည်။

ပြင်သစ်သမ္မတ အမ်မန်နျူယယ်မက်ခရွန်၏မဟာမိတ်အဖွဲ့က ဒုတိယနေရာသာ ရရှိကာ အမတ်နေရာ ၁၅၀ မှ ၁၇၅ နေရာအထိလည်းကောင်း၊ လက်ယာစွန်းရောက်ပါတီနှင့်မဟာမိတ်အဖွဲ့က အမတ်နေရာ ၁၁၅ နေရာမှ ၁၅၀ အထိလည်းကောင်း ရရှိနိုင်သည်ဟု အီလာဘဲ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

သို့သော် အမတ်နေရာ ၅၇၇ နေရာရှိသည့် ပြင်သစ်အမျိုးသားလွှတ်တော်၌ မည်သည့်ပါတီကမျှ အမတ်နေရာ ၂၈၉ နေရာဖြင့် လွှမ်းမိုးမှုမရကြောင်းတွေ့ရသည်။

ယခုအခါ ပြင်သစ်ဝန်ကြီးချုပ်အနေဖြင့် ရာထူးမှနုတ်ထွက်ပေးရမည်ဖြစ်ကာ သမ္မတက NFP ကိုအုပ်ချုပ်ခွင့်ပေးရန်တောင်းဆိုရမည်ဟု အနိုင်ရ NFP ပါတီမှဥက္ကဋ္ဌယန်လက်မီလာချွန်ကပြောသည်။

ထို့အတူ ပြင်သစ်ဝန်ကြီးချုပ် ဂါဘရီယယ်အက်တဲက ဇူလိုင်လ ၈ ရက်တွင် ၎င်း၏နုတ်ထွက်စာကို သမ္မတထံသို့တင်ပြထားကြောင်း သိရသည်။

*Ref: Xinhua*



ဟနွိုင်း၊ ကုန်သွယ်ရေး

# ပြည်ပဈေးကွက်များ၌ ဗီယက်နမ်ဆန်ဈေးမြင့်တက်

ယခုနှစ်ပထမနှစ်ဝက်အတွင်း ပြည်ပဈေးကွက်များ၌ ဗီယက်နမ်နိုင်ငံက တင်ပို့သောဆန်ဈေးနှုန်းများမှာ မြင့်တက်လာကြောင်း ဗီယက်နမ်အကောက်ခွန်ဌာနက ဇူလိုင်လ ၈ ရက်တွင်ထုတ်ပြန်သည်။

ပြီးခဲ့သည့်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ဗီယက်နမ်ကတင်ပို့သော ဆန်ဈေးနှုန်းသည် ပျမ်းမျှအားဖြင့် ၁၈ ရာခိုင်နှုန်းမြင့်တက်လာခြင်းဖြစ်သည်ဟု အကောက်ခွန်ဌာန၏ ထုတ်ပြန်ချက်ကို ကိုးကား၍ VNA သတင်းဌာနက ဖော်ပြထားသည်။ ဗီယက်နမ်က တင်ပို့လိုက်သောဆန်များသည် ဘရူနိုင်းနိုင်ငံ၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၉၅၉ ဒေါ်လာ၊ အမေရိကန်တွင် ၈၆၈ ဒေါ်လာ၊ နယ်သာလန်တွင် ၈၅၇ ဒေါ်လာ၊ ယူကရိန်းတွင် ၈၄၇ ဒေါ်လာ၊ အီရတ်တွင် ၈၃၆ ဒေါ်လာနှင့်တူကီယဲတွင် ၈၃၁ ဒေါ်လာပေါက်ဈေးရှိသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ယခုနှစ်ပထမနှစ်ဝက်အတွင်း ပြည်ပသို့ ဆန်တန်ချိန် ၄ ဒသမ ၆၈ သန်းတင်ပို့ထားရာ ဝင်ငွေအားဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၈ ဘီလီယံရရှိထားသည်ဟု စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အထူးသဖြင့် အဆိုပါကာလအတွင်း ဗီယက်နမ်နိုင်ငံက ပြင်သစ်နိုင်ငံသို့ဆန်တင်ပို့မှုသည် သိသိသာသာမြင့်တက်လာပြီး တန်ချိန် ၁၈၂၀၀၊ တန်ဖိုးအားဖြင့် ဒေါ်လာ ၁၉ ဒသမ ၁ သန်းဖိုး တင်ပို့ထားသည်။

အရှေ့တောင်အာရှဒေသရှိ ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တစ်နှစ်လုံးတွင် ပြည်ပသို့ ဆန်တန်ချိန် ၈ သန်းကျော်တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်းသိရသည်။

*Ref: Xinhua*

နေပြည်တော်  ဇူလိုင် ၈

# မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာ-ထိုင်းနယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ကော်မတီဝင်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေးက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက် (ASEAN Agreement on Transboundary Haze Pollution - AATHP) ကို မြန်မာနိုင်ငံအနေဖြင့် ၂၀၀၂ ခုနှစ် ဇွန်လ ၁၀ ရက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် ဧပြီလ ၇ ရက်တွင်ကျင်းပခဲ့သည့် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ သုံးဦးသုံးဖလှယ်ညှိနှိုင်းအစည်းအဝေးကိုကျင်းပခဲ့ကြောင်း၊ ယင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"သုံးနိုင်ငံနယ်စပ်ဒေသတွင် စိုက်ပျိုးရေးဆောင်ရွက်ရာ၌ တောင်ယာစိုက်ပျိုးမှုကို လျှော့ချရန်၊ ကုန်းမြင့်လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရန်နှင့် နည်းပညာများ အသုံးပြုဆောင်ရွက်ရန်"**လိုကြောင်း ထည့်သွင်းဆွေးနွေးခဲ့ပါကြောင်း။

မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီအနေဖြင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးအတွက် နည်းလမ်းများ၊ လုပ်ဆောင်မည့်အစီအမံများ၊ ကျေးရွာများအထိ ဒေသခံများ လက်တွေ့လုပ်ဆောင်နိုင်မည့် လုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က ကော်မတီဝင်များအနေဖြင့် နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် တွေ့ကြုံရမည့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် မိမိတို့ဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို သုံးသပ်ဆွေးနွေးအကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ အတွင်းရေးမှူး သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံအတွင်း မီးလောင်မှုအရေအတွက် (Fire Hotsopt) လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းများနှင့် ပတ်သက်သည့် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော်  ဇူလိုင် ၈

# အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)ကို ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ကြည့်ရှုစစ်ဆေး



စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ဇူလိုင်လ ၆ ရက်က မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ရှိ မြင်းပျံပုံးရည်ကြီးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ ကြည့်ရှုစဉ် နိုင်ငံတော်ဝန်ကြီးချုပ် မြင်းပျံပုံးရည်ကြီးလုပ်ငန်းသို့ လာရောက်ကြည့်ရှုစဉ် လမ်းညွှန်မှာကြားခဲ့သည့် အချက်များကို သက်ဆိုင်ရာဌာနများက ပံ့ပိုးဆောင်ရွက်လျက်ရှိမှု၊ စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှုများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ကျန်းမာရေးနှင့်ညီညွတ်စေရေး၊ ထုပ်ပိုးမှုအဆင့်မီလှပပြီး စားသုံးသူများအန္တရာယ်ကင်းရှင်းစေရေး၊ အရည်အသွေးနှင့် အရသာကောင်းမွန်သော မြန်မာ့ထုတ်ကုန်အဖြစ် ပြည်တွင်း ပြည်ပသို့ထိုးဖောက်နိုင်ရေးတို့အတွက် MSME အေဂျင်စီအနေဖြင့် လိုအပ်သည်များ ညှိနှိုင်းပံ့ပိုးဆောင်ရွက်ပေးနိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ လေးထောင့်ပုံ သံမဏိချောင်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဝန်ထမ်းများအား အဖွဲ့(၄)ဖွဲ့ (၃)ဆိုင်းစနစ်ဖြင့် ဆောင်ရွက်နိုင်ရန်ကြိုတင်စုဖွဲ့ထားရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောစက်အရန်ပစ္စည်း၊ ကုန်ကြမ်း၊ သွင်းအားစုများကို ကြိုတင်စုဆောင်းထားရှိရန်၊ စက်ရုံမှထွက်ရှိသည့် လေးထောင့်ပုံသံမဏိချောင်းများ၏ အရည်အသွေးသည် ကောင်းမွန်သဖြင့် ကုန်ကြမ်းများကို လက်ရှိသတ်မှတ်အချိုးအစားများအတိုင်း ဆက်လက်အသုံးပြုသွားရန်၊ သံရည်ကျိုရာတွင် အဆင်သင့်အသုံးပြုနိုင်ရေးအတွက် အပ်နှံထားသည့်စက်ရုံရှိ မီးရထားတွဲဟောင်းများကို ကြိုတင်ဖြတ်တောက်ထားရန်၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်းလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အဖွဲ့များ၏ လိုအပ်ချက်များကိုလည်း ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စက်ရုံမှူးနှင့် တာဝန်ရှိသူများ၏တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း၌ လေးထောင့်ပုံသံမဏိချောင်းများ ထုတ်လုပ်နေသည့်လုပ်ငန်းစဉ်အဆင့်ဆင့်၊ တိုးချဲ့စီမံကိန်းအဆင့်(၂)တွင် စက်ပစ္စည်းကိရိယာများ တပ်ဆင်နေမှုနှင့် စက်ကြံ့ခိုင်ရေး စစ်ဆေးဆောင်ရွက်ရမည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော်  ဇူလိုင် ၈

# အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၁၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ်နီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်ဦးဆန်းမြင့်က ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီး၏ စီမံခန့်ခွဲအုပ်ချုပ်မှုပိုင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိပြီး နိုင်ငံ၏တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် အဆင့်မြင့်အရာရှိကြီးများ၏ အရည်အသွေးမြင့်မားထက်မြက်လာစေရန်၊ ဦးဆောင်နိုင်မှုစွမ်းရည်တိုးတက်လာစေရန်နှင့် အနာဂတ်တွင် အဆင့်မြင့်အရာရှိကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုအရည်အသွေးများ တိုးတက်လာအောင် လေ့လာဆန်းစစ်ပြီး အကျိုးရှိသော၊ အပြုသဘောဆောင်သော စိတ်ဓာတ်များကို မွေးမြူ၍ ယုံကြည်ချက်ခိုင်ခိုင်မာမာနှင့် မိမိတို့ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်နိုင်ရေး နည်းပေးလမ်းပြကြရန်၊ နိုင်ငံတော်၏ စီမံအုပ်ချုပ်မှုယန္တရားအောင်မြင်စွာ လည်ပတ်နိုင်စေရေး ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းရွက်ရုံသာမက တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် စေတနာထား ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်၏မူဝါဒ၊ မျှော်မှန်းချက်၊ ဦးတည်ချက်များကို အဆင့်မြင့်အရာရှိကောင်းများအဖြစ် စွမ်းစွမ်းတမံကြိုးပမ်းအကောင်အထည်ဖော်ကြရန် တိုက်တွန်းမှာကြားသည်။

သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၂ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇူလိုင်လ ၈ ရက်မှ စက်တင်ဘာလ ၄ ရက်အထိဖြစ်ကြောင်း၊ သင်တန်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် ပညာဌာန(၈)ခုမှ ဆရာ၊ ဆရာမများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ကျွမ်းကျင်ပညာရှင်များက ၎င်းတို့၏အတွေ့အကြုံနှင့် ပညာရပ်ပိုင်းဆိုင်ရာများကို သင်ကြားပို့ချမည်ဖြစ်သည့်အပြင် လက်နက်ငယ်ပစ်ခတ်ခြင်းနှင့် အခြေခံကာကွယ်ရေး ပညာရပ်များကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၈

# လာမည့်မိုးရာသီကာလအတွက် ဆည်၊ တာတမံများ ဘေးကင်းလုံခြုံရေး အကြိုလုပ်ငန်းများစီမံဆောင်ရွက်



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဇူလိုင်လ ၆ ရက်က မရမ်းကုန်းမြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တိုင်းအဆင့်လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လာမည့်မိုးရာသီကာလအတွက် ဆည်၊ တာတမံများ ဘေးကင်းလုံခြုံရေးလုပ်ငန်းများ စီမံဆောင်ရွက်ရန်၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ပူးပေါင်း၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးသည့်သီးနှံများအထွက်တိုးရေး၊ စားသုံးမှုဖူလုံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ရှိ နို့စားနွားမွေးမြူရေး အသုံးချသုတေသနနှင့် သရုပ်ပြခြံ၏လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူများက နို့စားနွားမွေးမြူထားရှိမှု၊ မျိုးထိန်းမျိုးပွားဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် တိရစ္ဆာန်အစာပင်များ မျိုးကွဲအလိုက် စိုက်ပျိုးထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မွေးမြူရေးခြံအတွင်း နို့စားနွားမွေးမြူထားရှိမှုနှင့် တိရစ္ဆာန်အစာပင်များအဖြစ် မျိုးကွဲအလိုက် မြက်စိုက်ခင်းစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ယခုစိုက်ပျိုးထားရှိသော မျိုးကွဲမြက်အမျိုးအစားများထဲမှ ဒေသနှင့်ကိုက်ညီသည့်မြက်များကို မျိုးဖြန့်ပွားရေး သေချာစွာစီမံဆောင်ရွက်ရန်နှင့် ရာသီမရွေး စိုက်ပျိုးနိုင်ရေးအတွက် ရေရရှိရေးလုပ်ငန်းများ စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) ပင်မသိုလှောင်ရုံများနှင့် စက်ပြင်အလုပ်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ပျက်စီးမှုမဖြစ်ပေါ်စေရေးနှင့် အချို့သောပစ္စည်းများ သတ်မှတ်ကာလမကုန်ဆုံးမီ အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့်ဌာနများသို့ စီမံခန့်ခွဲမှုနည်းလမ်းများနှင့်အညီ လွှဲပြောင်းပေးနိုင်ရေး၊ စာရင်းမှပယ်ဖျက်ရမည့်ကိစ္စရပ်များရှိပါကလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ဝါးကတုတ်ရေလှောင်တမံသို့ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ ပဲခူးတိုင်းဒေသကြီး လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လာမည့်မိုးရာသီကာလတွင် ဆည်တမံများ၏ ရေဝေရေလဲဧရိယာများ၌ မိုးရွာသွန်းမှုများပြားပြီး ရေကြီးရေလျှံမှုကြုံတွေ့လာပါက ဆည်တမံများကြံ့ခိုင်လုံခြုံမှုအပေါ် ထိခိုက်မှုမဖြစ်ပေါ်စေရန် ကြိုတင်စီမံဆောင်ရွက်ရမည့်နည်းလမ်းများ၊ ရေထွက်လမ်းများတစ်လျှောက်တွင် ဖြစ်ပေါ်နိုင်သည့် ရေလွှမ်းဒေသနှင့် ဘေးကင်းဒေသများ ခွဲခြားသတ်မှတ်ပြီး ဒေသခံပြည်သူများကို အသိပေးနှိုးဆော်ထားရန် လိုအပ်ချက်များ၊ ဧရာဝတီမြစ်၊ စစ်တောင်းမြစ်၊ ပဲခူးမြစ်နှင့် မြစ်မခမြစ် မြစ်ရေကြီးမှုမှ ကာကွယ်ထားသည့် တာများအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိရန် မှာကြားသည်။

ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူက ဘိုင်းဒါးတမံနှင့် ကောလိယတမံများမှ ပိုလျှံရေများကို ပဲခူး-စစ်တောင်း တူးမြောင်းမကြီးသို့ ချပေးခြင်းဖြင့် သီးထပ်စိုက်ဧကပိုမိုတိုးတက်နိုင်ရန် ရေသွယ်လမ်းကြောင်း တူးဖော်ထားရှိသော်လည်း အဆိုပါလမ်းကြောင်းပေါ်ရှိ သဘာဝရိုး၊ အင်းလေလံများရှိနေသဖြင့် ရေချပေးချိန်တွင် အခက်အခဲဖြစ်ပေါ်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၈

# လက်ဝှေ့နည်းပြသင်တန်း အမှတ်စဉ်(၁/၂၀၂၄)ဖွင့်လှစ်

လက်ဝှေ့နည်းပြသင်တန်းအမှတ်စဉ်(၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multipurpose Hall ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ယခုသင်တန်းသို့ တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမှုများကို စိတ်ပါဝင်စားစွာဖြင့် ထိထိမိမိလေ့လာသင်ယူပြီး မိမိတို့တာဝန်ကျရာ ဒေသအသီးသီးတွင် မျိုးဆက်သစ်လက်ဝှေ့အားကစားသမားများ ရှာဖွေ၊ စည်းရုံး၊ စုဆောင်း၍ လေ့ကျင့်သင်ကြားပေးသွားရန်နှင့် လာမည့် ၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံတွင်ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် လက်ဝှေ့အားကစားနည်းဖြင့် ရွှေတံဆိပ်ဆုများထိုက်ထိုက်တန်တန်ရရှိပြီး အရည်အချင်းပြည့်ဝသည့် လက်ဝှေ့အားကစားသမားများ မွေးထုတ်ပေးနိုင်ရန်အတွက် ကြိုးစားဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ(၁) ဦးကျော်ကျော်စိုးက သင်တန်းဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်၏ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ လက်ဝှေ့နည်းပြသင်တန်းကို လက်ဝှေ့အားကစားနည်းဖွံ့ဖြိုးတိုးတက်စေရန်၊ မျိုးဆက်သစ်အားကစားသမားများစွာ မွေးထုတ်ပေးနိုင်စေရန်နှင့် အချိန်နှင့်တစ်ပြေးညီ တိုးတက်ပြောင်းလဲနေသည့် ဥပဒေ/နည်းဥပဒေ၊ စည်းမျဉ်း/စည်းကမ်းများကို အချိန်တိုအတွင်း သိရှိနားလည်နိုင်စေရန်ရည်ရွယ်ပြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

⏭| ကျောဖုံးမှအဆက်

ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အဓိကကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲစကတည်းက ခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ဂိုးသွင်းခွင့်အချို့ရရှိခဲ့ကြသော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် သွင်းဂိုးများရရှိရန်ခက်ခဲခဲ့ပြီး ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း နှစ်သင်းလုံးအပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၇၆ မိနစ်တွင် ပက်ထရစ်က မဟာယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ထို့နောက် လက်ကျန်ပွဲချိန်များတွင် ISPE အသင်းက ချေပဂိုးအတွက် ပြန်လည်ဖိအားပေးကစားခဲ့သော်လည်း မဟာယူနိုက်တက်အသင်းခံစစ်ပိုင်းက အများအယွင်းမရှိ ထိန်းချုပ်ကစားနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ပက်ထရစ်၏တစ်လုံးတည်းသောသွင်းဂိုးဖြင့် မဟာယူနိုက်တက်အသင်းက အနိုင်ရရှိခဲ့ကြောင်း သိရသည်။

စည်သူအောင်

# ရေကြီးမှုအခြေအနေ

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခန့် (၃၀ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခန့် (၂၈ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခွဲခန့် (၄၈ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃ ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂ ပေခန့် (၆၁ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂ ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခွဲကျော်ခန့် (၅၂ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂ ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဒုဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေကျော်ခန့် (၃၄ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**ဧရာဝတီမြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခွဲခန့် (၇၈ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁ ရက်အတွင်း ၁ ပေခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခွဲခန့် (၇၀ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁ ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခန့် (၆၀ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁ ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် သပိတ်ကျင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေကျော်ခန့် (၉၅ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁ ရက်အတွင်း ၁ ပေခွဲခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**နန့်ယင်းချောင်း စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခန့် (၅၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက် ၂ ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**နန့်ကောင်းချောင်း စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေကျော်ခန့် (၃၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက် ၂ ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မန္တလေးမြို့၊ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ မြစ်ငယ်မြို့၊ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်၊ ကသာမြို့နယ်၊ သပိတ်ကျင်းမြို့နယ်နှင့် မိုးကောင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

နေပြည်တော် ဇူလိုင် ၈

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏သားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်



သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ကျောင်းနေသားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ ဆုချီးမြှင့်ခံ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားသည် အနာဂတ်နိုင်ငံတော်၏တာဝန်များကို လက်ဆင့်ကမ်းရယူကြမည့် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများ၏ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုခြင်းဖြစ်သည့်အပြင် ရှေ့ဆက်ပညာသင်ကြားရာတွင်လည်း မလျှော့သောလုံ့လဝီရိယနှင့် ဆက်လက်ကြိုးစားအားထုတ်ကြရန်အတွက် ချီးမြှင့်ထောက်ပံ့သည့် အခမ်းအနားဖြစ်ကြောင်း၊ မိမိတို့၏ဘဝရည်မှန်းချက်၊ စိတ်ကူးစိတ်သန်းများ အမှန်တကယ်ဖြစ်လာစေရန် ပညာရေးဖြင့် အကောင်အထည်ဖော်နိုင်ကြောင်း၊ ပညာတတ်သောကြောင့် ကိုယ်ပိုင်ဆုံးဖြတ်ချက်များကို ကောင်းမွန်စွာချမှတ်နိုင်ပြီး ကောင်းမွန်သောအလုပ်နှင့် ကောင်းမွန်သောဂုဏ်သတင်းများကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြောင်းလဲတိုးတက်နေသည့် နည်းပညာခေတ်တွင် လူငယ်များအနေဖြင့် ဘာသာစကားကျွမ်းကျင်ရန်၊ နည်းပညာများကို နားလည်တတ်ကျွမ်းရန်နှင့် သင်ယူထိုက်သည်များကို သင်ယူတတ်မြောက်ရန်လိုကြောင်း၊ သို့မှသာ အရည်အချင်းရှိသည့် လူငယ်များဖြစ်လာမည်ဖြစ်ပြီး မိမိအကျိုး၊ မိမိပတ်ဝန်းကျင်နှင့် နိုင်ငံအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်သည့် စွမ်းရည်ပြည့်ဝသော လူတော်လူကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူ ခြောက်ဦးနှင့် ရိုးရိုးအောင်မြင်သူ ၃၃ ဦးတို့ကို ဂုဏ်ပြုချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ၅ ဘာသာဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူ နှစ်ဦးကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဒုတိယဝန်ကြီး ဒေါ်နုမြဲဇော်တို့က ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ လေးဦးတို့ကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ကျောင်းနေသားသမီး စုစုပေါင်း ၁၉၅၅ ဦးကို ပညာသင်ထောက်ပံ့ငွေများပေးအပ်ရာ စုစုပေါင်း ပညာသင်ချီးမြှင့်ငွေကျပ် ၁၇၁၈၃၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

နေပြည်တော် ဇူလိုင် ၈

# ရန်ကုန်တိုင်းဒေသကြီးအတွင်း နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းဆောင်ရွက်



သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ငွေစင်ပုလဲနို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူက စက်ရုံလည်ပတ်နေမှုနှင့် အရည်အသွေးစစ်ဆေးမှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပမှ နို့ထွက်ပစ္စည်းများ တင်သွင်းမှုလျှော့ချရေးနှင့် နိုင်ငံခြားငွေ သုံးစွဲမှုလျှော့ချရေး ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လိုအပ်သည့်ကုန်ကြမ်းများ လုံလောက်စွာရရှိရေးအတွက် နို့စားနွားမွေးမြူရေးလုပ်ငန်းများ စနစ်တကျတိုးချဲ့ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း တောင်သူများ သမဝါယမစနစ်ဖြင့်မွေးမြူနိုင်ရေး လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ အစာများ ရရှိရေး သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထွက်ရှိလာသောကုန်ကြမ်းများကို နို့ထွက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အခက်အခဲများရှိပါက ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိပြီး ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ ကျောင်း၏လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျောင်းသား၊ ကျောင်းသူ ၈၀၀ ကျော်အတွက် အာဟာရဒါနအဖြစ် နွားနို့များ လှူဒါန်းတိုက်ကျွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

နေပြည်တော် ဇူလိုင် ၈

# AHA Centre မှ အမှုဆောင်ဒါရိုက်တာနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လက်ခံတွေ့ဆုံ



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် AHA Centre အမှုဆောင်ဒါရိုက်တာ Mr. Lee Yam Ming ဦးဆောင်သောအဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အာဆီယံ AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီ Phase.2 ပေးအပ်ရေးနှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေသည့်အခြေအနေများ၊ ယမန်နှစ်က မိုခါမုန်တိုင်းတုံ့ပြန်ရေးတွင် အာဆီယံ ERAT အဖွဲ့၏ဘေးအန္တရာယ်ဆန်းစစ်ချက်ဆောင်ရွက်ခဲ့မှုများနှင့် AHA Centre ကဖွင့်လှစ်ပေးနေသော စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာအရာထမ်းများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**နေပြည်တော် ဇူလိုင် ၈**

## လွိုင်ကော်မြို့အတွင်းသို့ KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့တို့က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူ ၁ ဦးသေဆုံးပြီး ကလေးငယ် ၄ ဦး အပါအဝင် ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိ

ကယားပြည်နယ်၊ လွိုင်ကော်မြို့အတွင်းသို့ KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့တို့က ဇူလိုင်လ ၄ ရက်တွင် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဇူလိုင်လ ၄ ရက် ညနေပိုင်းတွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့အတွင်းရှိ နည်းပညာတက္ကသိုလ်၊ မြကလပ်တောင်၊ သီရိဒေါလမ်းဆုံနှင့် အခြားနေရာအများ အပြားသို့ KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့ တို့က လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက် ခဲ့ရာ လောခမ္မရပ်ကွက်၊ နမ့်ဘော်ဝမ်(က) ရပ်ကွက်၊ ရွာတန်းရှည်ရပ်ကွက်၊ ကျောက် တောင်ရပ်ကွက်များအတွင်းသို့ လက်နက်ကြီး ကျည်များကျရောက်ပေါက်ကွဲခဲ့ပြီး ဒေသခံ ပြည်သူ ၁ ဦးသေဆုံးခဲ့ရကာ ကလေးငယ် ၄ ဦး အပါအဝင် စုစုပေါင်း ဒေသခံပြည်သူ ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

သေဆုံး/ထိခိုက်ဒဏ်ရာရရှိသူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက် ပေးလျက်ရှိသည်။

KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့အနေ ဖြင့် ကယားပြည်နယ်၊ လွိုင်ကော်ဒေသ အတွင်း အေးချမ်းစွာဖြင့်နေထိုင်လုပ်ကိုင် စားသောက်လျက်ရှိသည့် ဒေသခံပြည်သူ များအား ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ယခုကဲ့သို့ ပြည်သူလူထု နေထိုင်လျက်ရှိသည့် ရပ်ကွက်/ကျေးရွာများ အတွင်းသို့ လက်နက်ကြီးများဖြင့်ပစ်ခတ် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် လွိုင်ကော်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး အတွက် အကြမ်းဖက်မှုတန်ပြန်ချေမှုန်းရေးကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိ သည်။ **(၁၀၀)**



ကယားပြည်နယ်၊ လွိုင်ကော်မြို့အတွင်းသို့ KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများပူးပေါင်းအဖွဲ့တို့က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုအားတွေ့မြင်ရစဉ်။

**နေပြည်တော် ဇူလိုင် ၈**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ


အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထား သော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ် များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရ ယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက် ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကိုထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်း များပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက် ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက် ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင် သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်း နိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံ ရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရ နိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော် လည်း ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ် ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့် ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Shwe Phyoe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ရွာဘဲ ရပ်ကွက်နေ ရွှေဇင်ဖြိုး(ခ)ရွှေဖြိုးအား မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပြည်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက် ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ် များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေး ကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့် အညီ ထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒ ဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူ များသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန် အပ်ပါသည်။ **(၁၀၀)**

### မိုးလေဝသ သတင်း




**သရက် ဇူလိုင် ၈**

## ကျေးလက်လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သရက် မြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး ငွေလုံး ငွေရင်းရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသော သရက်-မင်းလှလမ်းမှ ဓာတ်ကုန်း-ပေါက်တော လမ်းပေါ်တွင် R.C.C Boxပါသော ရေကျော် ပေ ၂၂၀ တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် လုပ်ငန်းအရည် အသွေးစစ်ဆေးရေးအဖွဲ့မှတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အဆိုပါလမ်းပေါ်ရှိ ရေကျော် တည် ဆောက်ပြီးစီးပါက ကျေးရွာနှစ်ရွာမှ ဒေသခံ ပြည်သူများ၏ပညာရေး၊ ကျန်းမာရေး၊လူမှုရေး ကိစ္စရပ်များအတွက် အမြန်ဆုံးဆက်သွယ်သွား လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **နိုင်ထွန်း**

နေပြည်တော် ဇူလိုင် ၈

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၁၇) ကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အဆိုပါအဖွဲ့ရုံး၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်၊ သူရဦးဘိုနီ၊ ဦးကျော်မျိုးထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ပျိုးပင်များကို အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များထံပေးအပ်ပြီး သတ်မှတ်နေရာ၌ ရတနာတန်းဝင်ကျွန်းပင်ကို စတင်စိုက်ပျိုးပေးသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင်များကို စိုက်ပျိုးကြသည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အရာထမ်း၊ အမှုထမ်းများ သစ်ပင်စိုက်ပျိုးနေမှု၊ ယခင်နှစ်က စိုက်ပျိုးခဲ့သောသစ်ပင်များ မြေတောင်မြှောက်ခြင်း၊ မြေဆွေးထည့်ခြင်း ပြုလုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ မဟော်ဂနီ၊ ပိတောက်စသော နှစ်ရှည်ပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၈

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၄ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်-ထားဝယ်ကားလမ်း၊ ပေါက်တိုင်းတံတားစစ်ဆေးရေးဂိတ်အနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် ထိုင်းနိုင်ငံထုတ် Royal-D ဓာတ်ဆားထုပ်ဘူး (၇၅၀၀) အပါအဝင် ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၄၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၇ ရက်**တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုးကောင်း-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး၊ ကျားပြောင်းစက်သုံးဆီဆိုင်အနီး၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၈ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (၇ ဒသမ ၁၆၁)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၂၂၈၅)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇူလိုင်လ ၄ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၄)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၈၈၂၂၈၅)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။






ကချင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

မကွေး ဇူလိုင် ၈

## မကွေးမြို့တွင် ကျောင်းပြင်ပမူလတန်းပညာရေး သင်တန်းသား၊ သင်တန်းသူများအတွက် စာအုပ်၊ စာရေးကိရိယာနှင့် အလှူငွေများလှူဒါန်း



မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က မကွေးမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျောင်းပြင်ပမူလတန်းပညာရေး သင်တန်းသား၊ သင်တန်းသူများအတွက် စာအုပ်၊ စာရေးကိရိယာနှင့် အလှူငွေများ ပေးအပ်ခြင်းကို ဇူလိုင်လ ၇ ရက် ညနေပိုင်းက မကွေးမြို့ ကံသာရပ်ကွက်ရှိ သားဖွားဆေးခန်းတွင် ပြုလုပ်ခဲ့သည်။

ထို့နောက် ကျောင်းပြင်ပမူလတန်းပညာရေး သင်တန်းသား၊ သင်တန်းသူများအတွက် စာအုပ်၊ စာရေးကိရိယာနှင့် အလှူငွေများကို မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ မကွေးမြို့နယ် ကျောင်းပြင်ပ မူလတန်းကြီးကြပ်မှုကော်မတီမှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကနှင့် တာဝန်ရှိသူများက သားဖွားဆေးခန်းတွင် မွေးဖွားသည့် မွေးကင်းစကလေးငယ်အား ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့ကာ ဆေးခန်းအတွင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်ဆန်းဦး**

### ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၇-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၆၅ | ၂၇၄၀ | ၂၆၉၅ | ၂၇၆၅ | ၂၇၈၀ | ၂၇၉၀ | ၂၇၄၅ | ၂၈၇၅ | ၂၉၀၅ | ၂၇၅၀ | ၂၇၇၀ | ၂၈၀၀ | ၂၇၉၀ | ၂၈၀၀ | ၃၂၁၀ | ၃၈၀၀ |
| 95 Ron | ၂၈၁၅ | ၂၈၉၅ | ၂၈၇၅ | ၂၈၂၅ | ၂၈၉၅ | ၂၉၁၀ | ၂၉၂၀ | ၂၈၇၅ | ၃၀၀၅ | ၃၀၃၅ | ၂၈၈၅ | ၂၉၀၀ | ၂၉၃၀ | ၂၉၂၀ | ၂၉၃၅ | ၃၃၄၀ | ၃၉၅၀ |
| HSD (500 ppm) | ၂၄၈၅ | ၂၅၆၀ | ၂၅၄၀ | ၂၄၉၀ | ၂၅၆၀ | ၂၅၇၅ | ၂၅၈၅ | ၂၅၄၀ | ၂၆၇၅ | ၂၇၀၅ | ၂၅၅၀ | ၂၅၆၅ | ၂၆၀၀ | ၂၅၈၅ | ၂၆၀၀ | ၃၀၀၅ | ၃၉၀၀ |
| HSD (50 ppm) | ၂၉၁၅ | ၂၉၉၀ | ၂၉၇၀ | ၂၉၂၅ | ၂၉၉၅ | ၃၀၀၅ | ၃၀၁၅ | ၂၉၇၅ | ၃၁၀၅ | ၃၁၃၅ | ၂၉၈၀ | ၂၉၉၅ | ၃၀၃၀ | ၃၀၂၀ | ၃၀၃၀ | ၃၄၄၀ | ၃၉၀၀ |
| HSD (10 ppm) | ၂၉၁၅ | ၂၉၉၀ | ၂၉၇၀ | ၂၉၂၅ | ၂၉၉၅ | ၃၀၀၅ | ၃၀၁၅ | ၂၉၇၅ | ၃၁၀၅ | ၃၁၃၅ | ၂၉၈၀ | ၂၉၉၅ | ၃၀၃၀ | ၃၀၂၀ | ၃၀၃၀ | ၃၄၄၀ | ၃၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၀ | ၂၆၂၄ |
| 95 Ron | ၂၆၆၈ | ၂၇၅၅ |
| HSD (500 ppm) | ၂၃၄၄ | ၂၄၂၁ |
| HSD (50 ppm) | ၂၇၆၁ | ၂၈၄၆ |
| HSD (10 ppm) | ၂၇၆၁ | ၂၈၄၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

လန်ဒန်၊ ဘောလုံး

## လီဗာပူးအသင်း ကွင်းလယ်ကစားသမား အယ်ကန်တာရာ ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူကြောင်းကြေညာ




လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲခဲ့သည့် ကွင်းလယ်ကစားသမား အယ်ကန်တာရာက ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူပြီဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ် အယ်ကန်တာရာသည် ဘာစီလိုနာအသင်းအကယ်ဒမီမှ ထွက်ပေါ်လာသည့် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၀၇ ခုနှစ်က ဘာစီလိုနာအသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုကာ စတင်ပူးပေါင်းခဲ့သော်လည်း ဘာစီလိုနာအရန်အသင်းတွင်သာ ကစားခွင့်ရရှိခဲ့ပြီး ၂၀၀၉ ခုနှစ်မှသာ ဘာစီလိုနာအသင်းကြီးနှင့် စတင်ပူးပေါင်းခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အယ်ကန်တာရာသည် ဘာစီလိုနာအသင်းနှင့် ၂၀၀၉ ခုနှစ်က စတင်ပူးပေါင်းခဲ့ပြီးနောက် အသင်းနှင့်အတူ ခြေစွမ်းပြနိုင်ခဲ့ကာ ဥရောပ၏အကောင်းဆုံး ကွင်းလယ်ကစားသမားများတွင် တစ်ဦးအပါအဝင်အဖြစ်ရပ်တည်နိုင်ခဲ့ပြီး ဘာစီလိုနာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၀၁ ပွဲအထိ ပါဝင်ကစားပေးပြီးနောက် ၂၀၁၃ ခုနှစ်က ဘာစီလိုနာအသင်းနှင့်လမ်းခွဲခဲ့ကာ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။

အယ်ကန်တာရာသည် ဘိုင်ယန်မြူးနစ်အသင်းတွင်လည်း အကောင်းဆုံးခြေစွမ်းပြကစားနိုင်ပြီး အသင်းနှင့်အတူ ဆုဖလားအများအပြားဆွတ်ခူးနိုင်ခဲ့ကာ ပြိုင်ပွဲစုံ ၂၃၅ ပွဲအထိ ပါဝင်ကစားပေးခဲ့ပြီး ၃၁ ဂိုးသွင်းယူပေးနိုင်ခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ်တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့်လမ်းခွဲကာ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။

အယ်ကန်တာရာသည် လီဗာပူးအသင်း၌ အစောပိုင်းနှစ်များက အဓိက ကစားသမားအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်နေခဲ့ရသည်။ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီကလည်း အသင်းနှင့်အတူ ပြိုင်ပွဲစုံ တစ်ပွဲသာပါဝင်ကစားနိုင်ခဲ့ပြီး လီဗာပူးအသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲခဲ့ပြီးနောက် အယ်ကန်တာရာသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူရန်ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

***Ref;Fotmob***

## နွေရာသီ ကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

➢ ဘိုင်ယန်မြူးနစ်အသင်းက ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းများမှ ခေါ်ယူရန်ကြိုးပမ်းနေသည့် ခရစ္စတယ်ပဲလေ့စ်အသင်းကွင်းလယ်ကစားသမား အိုလီဆီကို ၂၀၂၉ ခုနှစ်အထိ စာချုပ်ချုပ်ဆို ခေါ်ယူနိုင်ခဲ့ပြီဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

➢ လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲခဲ့ပြီး ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဂိုးသမား အက်ဒရိန်းကို ရီးယဲလ်ဘတ်တစ်အသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

➢ ရိုးမားအသင်းက ရင်းနက်စ်အသင်းမှ အန်ဖိုလီကို ပြောင်းရွှေ့ကြေး ယူရို ၂၃ သန်းဖြင့် ခေါ်ယူနိုင်ရန်အတွက် နီးစပ်လျက်ရှိပြီး လာမည့်ရက်သတ္တပတ်အတွင်း အပြောင်းအရွှေ့အပြီးသတ်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

➢ ဘရိုက်တန်အသင်းက အာဆင်နယ်အသင်း လူငယ်ကစားသမား အာမာရီယိုကို ခေါ်ယူနိုင်ခဲ့ပြီဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

➢ မန်ယူအသင်းက ဘိုလော့ဂ်နာအသင်းမှ ဇာကီဇီနှင့် ဘိုင်ယန်မြူးနစ်အသင်းမှ ဒီလစ်တို့ကို ခေါ်ယူနိုင်ရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

***Ref;Fabrizio Romano***

မက်ဒရစ်၊ ဘောလုံး

## ဒဏ်ရာကြောင့်ကစားနိုင်မည်မဟုတ်သော်လည်း ပက်ဒရီက စပိန်အသင်းကစားသမားစာရင်းမှ နုတ်ထွက်မည်မဟုတ်ဘဲ အသင်းနှင့်ဆက်လက်ပူးပေါင်းမည်

စပိန်အသင်း အဓိကကွင်းလယ်ကစားသမား ပက်ဒရီက ဒူးဒဏ်ရာကြောင့် ယူရို ၂၀၂၄ ပြိုင်ပွဲတွင် စပိန်အသင်းအတွက် ပါဝင်ကစားပေးနိုင်မည်မဟုတ်သော်လည်း အသင်းကစားသမားစာရင်းမှ နုတ်ထွက်မည်မဟုတ်ဘဲ ဆက်လက်ပူးပေါင်းမည်ဟု အတည်ပြုခဲ့ကြောင်း သိရသည်။

ပက်ဒရီသည် ယူရို ၂၀၂၄ ပြိုင်ပွဲတွင် စပိန်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး အဓိကကစားသမားအဖြစ် ပါဝင်နေသူဖြစ်သော်လည်း ပြီးခဲ့သည့် ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် စပိန်အသင်းနှင့် ဂျာမနီအသင်းတို့ကစားသည့်ပွဲစဉ်၌ ပွဲချိန် ၈ မိနစ်တွင် ဂျာမနီအသင်းကွင်းလယ်ကစားသမား တိုနီခရူးစ်၏ ပြင်းပြင်းထန်ထန်ဖျက်ထုတ်မှုကြောင့် ဒူးဒဏ်ရာရရှိခဲ့ပြီးနောက် အသင်းနှင့်အတူ ယှဉ်ပြိုင်ရမည့်လက်ကျန်ပွဲစဉ်များကို လွဲချော်ရမည်ဖြစ်သည်။

လက်ရှိတွင် ပက်ဒရီအနေဖြင့် ဒူးဒဏ်ရာကြောင့် မည်သည့်အချိန်ထိအနားယူရမည်ကို မသိရှိရသေးဘဲ အသေးစိတ်စစ်ဆေးမှုများပြုလုပ်ပြီးမှသာ အနားယူရမည့်ကာလကို သိရှိနိုင်မည်ဖြစ်သည်။

ပက်ဒရီက "ကျွန်တော် အသင်းနဲ့အတူ ဆက်ရှိနေမှာပါ။ အသင်းကစားသမားစာရင်းက နုတ်ထွက်မှာမဟုတ်ပါဘူး။ အသင်းနဲ့အတူရှိနေပြီး လက်ကျန်ပွဲစဉ်တွေကို အားပေးနေမှာပါ။ အသင်းနဲ့ ဆုဖလားရယူဖို့က ကျွန်တော့်အိပ်မက်ပါ။ တိုနီခရူးစ်ကလည်း ကျွန်တော့်ဆီ Message ပို့ပြီး တောင်းပန်ခဲ့ပါတယ်"ဟု ပြောသည်။

***Ref;Goal.com***

လန်ဒန်၊ ဘောလုံး

## ဘရာဇီးအသင်းနှင့်အတူ ကိုပါအမေရိကဖလားပြိုင်ပွဲမှ ဗင်နီစီးယက်စ်ထွက်ခွာရပြီးနောက် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ဘယ်လင်ဟမ် ထိပ်ဆုံး၌ရေပန်းစားလာ

ဘရာဇီးအသင်းနှင့်အတူ ကိုပါအမေရိကဖလားပြိုင်ပွဲမှ ဗင်နီစီးယက်စ်ထွက်ခွာခဲ့ရပြီးနောက် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုဖြစ်သည့် ဘလွန်းဒီအောဆုအတွက် အင်္ဂလန်အသင်းကွင်းလယ်ကစားသမား ဘယ်လင်ဟမ်က ထိပ်ဆုံး၌ရေပန်းစားလာကြောင်း သိရသည်။

ပြီးခဲ့သည့်ဘောလုံးရာသီက ဘယ်လင်ဟမ်နှင့် ဗင်နီစီးယက်စ်တို့သည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကြပြီး ရီးယဲလ်မက်ဒရစ်အသင်း စပိန်လာလီဂါဖလားနှင့် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်ရာတွင် အဓိက ကစားသမားများအဖြစ် ပါဝင်ခဲ့ပြီးနောက် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် အပြိုင်ရေပန်းစားခဲ့ကြသည်။

သို့သော် လက်ရှိကျင်းပနေသည့် ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ဗင်နီစီးယက်စ်သည် ဘရာဇီးအသင်းနှင့်အတူ ရုန်းကန်ခဲ့ရပြီး ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် ဥရုဂွေးအသင်းနှင့်ပွဲစဉ်တွင် ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်ခြင်းမရှိသကဲ့သို့ ဘရာဇီးအသင်းသည်လည်း ဥရုဂွေးအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။

ဘယ်လင်ဟမ်သည် ယူရို ၂၀၂၄ ပြိုင်ပွဲတွင် အင်္ဂလန်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနေပြီး ၁၆ သင်းရှုံးထွက်ပွဲစဉ်တွင်လည်း အသင်းအတွက် အရေးပါသည့် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ကာ ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်ထားသောကြောင့် ပိုမိုရေပန်းစားနေကြောင်း သိရသည်။***Ref;The Athletic***




Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED
TROPHY
BY THE WORLD'S
BEST BEER
JUDGES
THE INTERNATIONAL BEER CHALLENGE 2020
A.I.B.A
GOLD 2019


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း
(အအေးခန်းစက်ရုံ)
အဆင့်မြင့် ရေထွက်ကုန်ပစ္စည်း
ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
THE BEST QUALITY TYRE
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
CAR TYRES
CYCLE TYRES
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
ISO 9001:2008 Cert. No.683099
COPPER 99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ စာအုပ်စာပေများသည် လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှ လူမျိုးတင့်မည်ဖြစ်...

❖ စာပေသည် နိုင်ငံ၏ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေး...

❖ "ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်"ဆိုသည့် သတိပေးဆိုရိုးစကားအတိုင်းလိုက်နာပြီး ယဉ်ကျေးမှုမပျောက်ပျက်အောင်၊ ခိုင်မြဲတည်တံ့အောင် ဆက်လက်တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏တာဝန်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသမီးစာပေဆု ဆုနှင်းသဘင်အခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ၂၀၂၅ ခုနှစ် ပြက္ခဒိန်နှစ်တွင် နိုင်ငံတကာနှစ်သစ်ကူးနေ့နှင့်တရုတ်နှစ်သစ်ကူးနေ့တို့ အများပြည်သူအလုပ်ပိတ်ရက်အဖြစ်ပါဝင်လာ

နေပြည်တော် ဇူလိုင် ၈

မြန်မာနိုင်ငံတွင် ပြက္ခဒိန်နှစ်တစ်နှစ်၏ အများပြည်သူအလုပ်ပိတ်ရက်များအဖြစ် ဘာသာရေးဆိုင်ရာနေ့ထူးနေ့မြတ်များ၊ နိုင်ငံတော်၏ထူးခြားသမိုင်းဝင်သည့် နေ့ရက်များ၊ မြန်မာနှစ်သစ်ကူးနေ့ရက်များ၊ ကရင်နှစ်သစ်ကူးနေ့ရက်များကို နှစ်စဉ်ပြက္ခဒိန်နှစ်တစ်နှစ် မစတင်မီ နိုင်ငံတော်အစိုးရက ကြိုတင်ထုတ်ပြန်ပေးရသည်။ ၂၀၂၅ ခုနှစ်ပြက္ခဒိန်နှစ်အတွက် အများပြည်သူအလုပ်ပိတ်ရက်များကိုထုတ်ပြန်ပြီးဖြစ်ကြောင်းသိရသည်။ ထိုသို့ထုတ်ပြန်ရာတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာမိသားစုဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံအများစုတွင် အများပြည်သူအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်သည့် ဇန်နဝါရီလ ၁ ရက်နေ့ နိုင်ငံတကာ နှစ်သစ်ကူးနေ့အား အများပြည်သူအလုပ်ပိတ်ရက်အဖြစ်သတ်မှတ်ထားကြောင်းသိရသည်။ ထို့အပြင် တရုတ်နှစ်သစ်ကူးနေ့ကိုလည်း ဒေသတွင်းအခြားအာဆီယံနိုင်ငံများကဲ့သို့လည်းကောင်း၊ အချို့သော ကမ္ဘာ့နိုင်ငံများကဲ့သို့လည်းကောင်း၊ အိမ်နီးချင်းမိတ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေသည့်အနေဖြင့်လည်းကောင်း မြန်မာနိုင်ငံ၏အများပြည်သူအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ထားကြောင်းသိရသည်။

(၁၀၀)

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းနှင့် ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၈-၇-၂၀၂၄)၊ ည (၆း၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် (၂၅-၆-၂၀၂၄)ရက်နေ့မှစတင်၍ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ စာသင်ကျောင်းများ၊ စက်ရုံ အလုပ်ရုံများ၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများ၊ ပရဟိတဂေဟာများ၊ စာမျက်နှာ ၉ ကော်လံ ၃ ●

## MNL ပြိုင်ပွဲတွင် မဟာယူနိုက်တက်အသင်းက ISPE အသင်းကို အနိုင်ရရှိ



ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ ISPEအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ကစားခဲ့ရာ မဟာယူနိုက်တက်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင် စာမျက်နှာ ၂၅ ကော်လံ ၄ ⏭

**ဆောင်းပါး**

### ဒို့တာဝန်အရေးသုံးပါးစောင့်ရှောက်ဖို့ ပြည်သူ့စစ်မှုထမ်းကြစို့

စာ - ၁၃ သို့

### လွိုင်ကော်မြို့အတွင်းသို့ KNPP/ KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့တို့က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူ ၁ ဦးသေဆုံးပြီး ကလေးငယ် ၄ ဦး အပါအဝင် ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိ

စာ - ၂၇ သို့

## ချင်းတွင်းမြစ်ရေ ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့်မင်းကင်းမြို့တို့တွင် စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၈

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၉ ပေခွဲခန့် (၂၈၇ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁ ရက်အတွင်း စာမျက်နှာ ၇ ကော်လံ ၄ ♦

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar